ပဋ္ဌိတာနန္ဒ္ဒ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

ယနေ့ထုတ် စာမျက်နှာ ၁၆

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၅)

အမှာစကားပြောကြား

မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင် ကော်မတီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ–တရုတ်နှစ်နိုင်ငံခေါင်းဆောင်များ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်သဘောတူညီထား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကော်မတီအစည်းအဝေး၌မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ–တရုတ်နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

သဘောတူညီ

ရှေးဦးစွာ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးများအပြီးတွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာသဘောတူညီချက်များ ချမှတ်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ထားပြီးဖြစ်သဖြင့် ယင်းသဘောတူညီချက်များ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ရေးအတွက် ကော်မတီများဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

စနစ်တကျဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များဖြစ်သော မစ္စတာကျန်ဇီမင်းနှင့် မစ္စတာဟူကျင်တောင်းတို့၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ၂၂ ရက်)

ဒေသခံပြည်သူများ အကျိုးကျေးဇူးဖြစ်ထွန်းရေး စက်ရုံစီမံကိန်းများပြည့်မြောက်အောင်မြင်ရေးကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတစ်ခုချင်းအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး၊ ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၁၇ရက်နေ့နံနက်ပိုင်းက မြင်းခြံမြို့ရှိ မြန်မာ့အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

"ချည်မျှင်နှင့်အထည်စက်ရုံများမှာ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ဒေသခံပြည်သူများလူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖန်တီးပေးနိုင်ကြောင်း"

ပြောကြားသွားသည်။

မြန်မာ့အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)မှ အဖြူချွတ်ထည်၊ ဆေးဆိုးထည်၊ပန်းရိုက်ထည် စုစုပေါင်း ကိုက်နှစ်သိန်းထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင်အထည်ချောပိတ်ကိုက် ၈၀၀ထုတ်လုပ်လျက်ရှိသည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်းအတွက် ကုန်ကြမ်းပိတ်ကိုတစ်နေရာတည်းမှာပင် ထုတ်လုပ်နိုင်ရန် ကုန်ထုတ်လုပ်ငန်း တိုးမြှင့်နိုင်ရေးအတွက် ရက်ကန်းစင် ၂၀၀တပ်ဆင်လျက်ရှိပြီး ဆေးဆိုးပန်းရိုက်ထည်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆေးဆိုးပန်းရိုက်အလုပ်ရုံသို့ သွားရောက်ကြပြီး ရက်ကန်းကုန်ကြမ်းများ၊ ပန်းရိုက်အထည်များ၊ ဆေးဆိုး အထည်များနှင့် ရက်ကန်းစက်များတပ်ဆင်နေမှု၊ စမ်းသပ်လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စီမံကိန်းနှင့်အညီ ဆောင်ရွက်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် ပြည်သူလူထု၏ စားဝတ်နေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။

အထည်အလိပ်ကဏ္ဍ တစ်မျိုးသားလုံးလိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံများက ကြိုးပမ်းထုတ်လုပ်နေသည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်ရုံများအတွက် ဝါဂွမ်းလိုအပ်ချက်နှင့် ဝါစိုက်ဧကလိုအပ်ချက်အတွက် ဝန်ကြီးဌာန အစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးနှင့် ဒေသခံပြည်သူများ အကျိုးကျေးဇူး ဖြစ်ထွန်းစေရေးအတွက် စက်ရုံစီမံကိန်းလုပ်ငန်းများ ပြည့်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့်ဆရာတော်ကြီးအား ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့နှင့် ဂေါပကအဖွဲ့(ရန်ကုန်)တို့က ကြီးမှူး၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၄)ဖြင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းဆက်ကပ်ခြင်းခံရသော ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်အဓိပတိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသမထေရ်မြတ်ကြီးအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ၂၀၀၄ ခုနှစ် မတ်လ ၈ရက် နံနက် ၈နာရီတွင် ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုနိုင်ကြောင်းသိရသည်။ **(က–ပ)**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွန်ပျူတာများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကွန်ပျူတာငါးလုံးပေးအပ်လှူဒါန်းသည့်အခမ်းအနားကိုယမန်နေ့ ညနေ၃နာရီက ဝန်ကြီးများရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jin Jun က ပစ္စည်းများပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပစ္စည်းများလှူဒါန်းခြင်းအတွက်ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင် လုပ်ငန်းဆိုင်ရာများဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲပိုင်းက ရန်ကုန် အရှေ့ပိုင်းခရိုင်ရှိ တောင်ဥက္ကလာပ မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံးများသို့လည်းကောင်း၊ ရန်ကုန် အနောက်ပိုင်းခရိုင်ရှိ မရမ်းကုန်းမြို့နယ် ဥပဒေရုံးသို့လည်းကောင်းသွားရောက်၍ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၆ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စံပြ (၂၀)ရပ်ကွက် အမက(၁၀) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေး ပွဲကျင်းပရာ စတုတ္ထတန်းဘက်စုံထူးချွန်ဆုရ မောင်အုပ်စိုးဝေအား ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က ဆုချီးမြှင့်စဉ်။

(က–ပ)

သဲအင်းဂူ ဝိပဿနာ တရားစခန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင်သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်း အရှင်ပဏ္ဍဝံ (မိဂလုံ) သည် အပါယ်လွတ်မြောက်နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ဝိပဿနာတရားစခန်းပွဲကို တပေါင်းလဆန်း ၉ ရက်(ဖေဖော်ဝါရီ၂၈ရက်)မှ တပေါင်းလပြည့်(မတ်၅ရက်)အထိကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်သူများအားအကျိုးဆောင်အဖွဲ့က အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး ကြိုတင်၍ တပေါင်းလဆန်း ၈ ရက် ညနေ လာရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံမှ Mr. Ikuzo Sakurai နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဂျပန်နိုင်ငံမှ Mr. Ikuzo Sakurai (Member of the House of Representatives)နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Mr. Ikuzo Sakurai(Member of the House of Representatives)နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

✡ မြန်မာ-တရုတ်မှ

ညှိနှိုင်းသဘောတူညီခဲ့ကြသည့်တရုတ်-မြန်မာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးကို ကော်မတီဖွဲ့စည်းပြီး ဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့သဘောတူညီမှုများ ဆောင်ရွက်ပြီးဖြစ်သလို အချို့မှာ ဆက်လက်ဆောင်ရွက်ဖွယ်ရာများရှိနေကြောင်း၊ အနာဂတ်တွင် ပြုလုပ်မည့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကိုလည်းစနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

ဆောင်ရွက်ဖွယ်ရာ

ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံနှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ဆဲနှင့် အနာဂတ် ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးတင်ပြရန် ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာ-တရုတ် ပူးတွဲအကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဌာန အသီးသီးမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များက မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရာကျော်ရာပြည့် ဆရာတော်ကြီးများပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီး၏ ကျေးဇူးတော်ရှင် လွန်တော်မူပြီးကုန်သော ဆရာတော်ကြီးများ၏ အနန္တဂုဏ်ကျေးဇူးတော်တို့ကို ညွှတ်နူးကော်ရော်ရည်မှန်းပူဇော်သောအားဖြင့် ရာကျော်ရာပြည့် ဆရာတော်ကြီးများပူဇော်ပွဲကိုဖေဖော်ဝါရီ၂၈ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်းတိုက်ကြီး၌ကျင်းပမည်ဖြစ်၍ ရွှေဟင်္သာဝံသ သံဃာတော်များ အားလုံးကြွရောက်ကြရန်နှင့် ရန်ကုန်မှကြွရန်စုရပ်မှာ သာသနလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ကျောင်းတော်ရာရွှေကျင်တိုက်ကြားတောရလမ်း ဗဟန်းဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူးနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က မြန်မာ - တရုတ် ပူးတွဲ အကောင်အထည် ဖော်မည့် စီးပွားရေးလုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

အရှင်အာစာရလင်္ကာရတရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ သာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အင်းစိန် အောင်ဆန်းတောရ၌ အရှင်အာစာရလင်္ကာရ၏ (၂၃) ကြိမ်မြောက် သိက္ခာထပ်ဓမ္မသဘင်၊ ၂၂ ရက် ညပိုင်းတွင် ရွှေပြည်သာမြို့ သီတဂူပန်းခြံ ဓမ္မသဘင်၊ ၂၃၊ ၂၄ ရက်တွင် ဒေးဒရဲမြို့နယ် အင်းထူးရွာ၊ ၂၅၊၂၆၊ ၂၇၊ ၂၈၊၂၉ ရက်များနှင့်မတ် ၁ ရက်တွင်သန်လျင်ပုဂံတောင်ကျေးရွာ၊ မတ် ၃၊ ၄၊ ၅ ရက်တွင် ဒေးဒရဲမြို့ တမာတကောတူးမြောင်းရွာ၊ မတ်၆၊ ၇ရက်တွင် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဗိမာန်၊ ၈ ရက် ဆရာတော်၏ ဇာတိရွာဘုရားပွဲ၊ ၁၃၊ ၁၄ ရက်တို့၌ သာကေတ အာကာထွန်းအားကစားဘောင်းဘီ မိသားစုတို့၏ အရှင်အာစာရလင်္ကာရ (၂၅)ကြိမ်မြောက် သိက္ခာထပ်ဓမ္မသဘင်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်း ရွှေဟင်္သာ ဖုန်း-၀၇၂-၂၂၁၇၀၊ ၂၁၁၆၉၊ မိခင်မယ်တော်ကြီး ဒေါ်ညို အမှတ် ၂၇/က အောင်မေတ္တာ လမ်းသွယ်(၁-နောက်) အောင်သစ္စာ လမ်းမကုလားကျောင်းမှတ်တိုင်သမိုင်းလမ်းဆုံအနီး မရမ်းကုန်း ရန်ကုန်သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်များ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၃-၂၀၀၄ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ပထမအသုတ်အဖြစ် တတိယနှစ်သိပ္ပံ အထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၀၀၄ ခုနှစ် ဧပြီ၅ ရက်မှ ဧပြီ၁၀ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ဒုတိယအသုတ်အဖြစ် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးအထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၂၀၀၄ခုနှစ် ဧပြီ ၂၁ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေ၊ စီးပွားရေးအထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၀၀၄ ခုနှစ် မေ ၄ ရက်မှ မေ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါရက်များအတွင်း တနင်္ဂနွေနေ့နှင့်အစိုးရရုံးပိတ်ရက်များတွင် စာမေးပွဲစစ်ဆေးခြင်းမပြုလုပ်ကြောင်း သိရသည်။ အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများက အချိန်မီဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ သုံးဆယ်ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English.

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၀၅ ၂။ မြန်မာဗီဒီယိုဇာတ်လမ်း **"ယောက်ဖမျက်နှာ"** လူမင်း၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်ဗေဒါ)
- ၁၂:၄၅ ၃။ Milo Success in Soccer
- ၁၃:၀၀ ၄။ ၂၀၀၄ ခုနှစ် ပထမအကြိမ် အသက် (၁၈) နှစ်အောက် ဘင်းမ်စတက်လူငယ် ချန်ပီယံ မြန်မာ (အုပ်စုဒုတိယပွဲ) (မြန်မာနှင့် ဘူတန်)
- ၁၄:၀၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၈)
- ၁၄:၃၅ ၆။ တေးဂီတအစီအစဉ်
- ၁၄:၄၅ ၇။ International News.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for EverydayUse
- ၁၆:၄၅ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၉:၁၅ ၁၂။ (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲ ပြပွဲအကြောင်း သိကောင်းစရာများ
- ၁၉:၃၀ ၁၃။ နွဲ့စို့တူပျော်ဆလုံတိုင်းရင်းသားပွဲတော်
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်

ဖေဖော်ဝါရီ ၂၁ ရက်က အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာဟောပြောပွဲအခမ်းအနားကို ဗဟန်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်း အဖွဲ့ဝင် ပါမောက္ခဒေါ်ခင်ဝင်းကြည်က အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာ ဟောပြောစဉ်။ (မြန်မာ့အလင်း)

ဖေဖော်ဝါရီ၂၀ရက်က ဖော်လူဂျာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခါလ်ဒီယာမြို့အနီး မြေမြှုပ်မိုင်းပေါက်ကွဲ ကန်စစ်ယာဉ်တန်းတိုက်ခိုက်ခံရမှုစစ်ဆေးနေစဉ်ပေါက်ကွဲခြင်းဖြစ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

ဘဂ္ဂဒက်အနောက်ဘက် ခါလ်ဒီယာမြို့အနီး အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို အီရတ်ခုခံရေးသမားများက ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အဆိုပါနေရာ၌ စစ်ဆေးမှုများပြုလုပ်နေစဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားကြောင်း သိရသည်။

ယခုပေါက်ကွဲမှုသည် ဘဂ္ဂဒက်အနောက်ဘက်မိုင် ၅၀ခန့်ရှိ ခါလ်ဒီယာမြို့အနီးတွင်အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို အစောပိုင်း၌ တိုက်ခိုက်ခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ အထူးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးနေခိုက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းမျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

ပေါက်ကွဲ

ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိနိုင်ကြောင်း အမေရိကန်စစ်ဌာနချုပ်နှင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။ပထမပေါက်ကွဲမှုအပြီး၌ အမေရိကန်တပ်ဖွဲ့ဝင်၂၀ခန့်နှင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးသည် ယင်းဒေသကို ခြေကျင်ကင်းလှည့် စစ်ဆေးခဲ့ရာတွင် ဒုတိယပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ မြေမြှုပ်မိုင်းဟု ထင်ကြောင်း မျက်မြင်တွေ့ရှိသူ ဘီလာဟာဒန်က ပြောကြားသည်။

ဒုတိယပေါက်ကွဲမှုဖြစ်ပြီးနောက် ယင်းဒေသကို အမေရိကန်တပ်များက ဝိုင်းထားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်မှုရှိမရှိကို အမေရိကန်စစ်ဌာနချုပ်က အသေးစိတ်ကို ပြောဆိုခြင်းမပြုပေ။

(အင်တာနက်)

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၅၅ဦးရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့သည့်အချိန်မှစ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၄၅၅ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဖော်ပြ

အဆိုပါ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်၌ ၃၇၈ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်ပြီး တိုက်ပွဲကြောင့်မဟုတ်ဘဲ သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၆၇ ဦးရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

မေ ၁ ရက်၌ အီရတ်တွင် အဓိကတိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၀၆ ဦးသေဆုံးခဲ့ရသည်။ ယင်းသေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်များမှ ၂၆၃ ဦးသည် တိုက်ပွဲကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင် ၁၄၃ ဦးမှာ တိုက်ပွဲကြောင့်မဟုတ်ဘဲ အခြားဖြစ်ရပ်များကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာရ

အီရတ်စစ်ပွဲစတင်သည်မှ တိုက်ပွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၆၈၅ ဦး ဒဏ်ရာရရှိခဲ့ပြီး တိုက်ပွဲကြောင့်မဟုတ်ဘဲ အခြားဖြစ်ရပ်များကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၁၅ ဦးဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဘုရှ်အပေါ် ပြည်သူတို့ ယုံကြည်မှု သိသိသာသာ လျော့ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ၌ လတ်တလောကောက်ယူသောစစ်တမ်းအရ သမ္မတဘုရှ်အပေါ် ယုံကြည်မှုရာခိုင်နှုန်း သိသိသာသာ လျော့ကျသွားပြီး မကြာမီက ထွက်ပေါ်လာသည့် သိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်တွင်လည်း သမ္မတဘုရှ်သည် အမေရိကန်ပြည်သူများအား သိပ္ပံဆိုင်ရာတွေ့ရှိချက်များနှင့်ပတ်သက်ပြီး လှည့်ဖြားခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အိုဇုန်းလွှာဖြစ်ပွားမှုမှသည် မဟာဗျူဟာမြောက်လက်နက်များထုတ်လုပ်ရေးအထိ သမ္မတဘုရှ် အစိုးရအဖွဲ့၏ အကျိုးစီးပွားပေါ်မူတည်ကာဆောင်ရွက်နေသည်ဟု အဆိုပါသိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်၌ စွပ်စွဲထားသည်။

ဖော်ပြ

သမ္မတဘုရှ်သည် သိပ္ပံသုတေသနပြုမှုများနှင့် ပတ်သက်ပြီး အခြေအမြစ်မရှိသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပွားစေသည့် မူဝါဒများ ချမှတ်ခြင်းအပြင် အီရတ်နိုင်ငံအပေါ် စစ်ဆင်နွှဲသည်အထိ ၎င်း၏အကျိုးစီးပွားကိုသာ ကြည့်ရှုခဲ့သည်ဟု ဖော်ပြခဲ့သည်။

လိုရာဆွဲယူ

အလူမီနီယံသတ္တုဘူးခွံများနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ထောက်လှမ်းရေးအချက်များအပေါ် လိုရာဆွဲယူပြီး ဆက်ဒမ်ဟူစိန်သည် နျူကလီးယားလက်နက်များ ထုတ်လုပ်နေသည်ဟု သမ္မတဘုရှ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပိုမိုအငြင်းပွား

ယခုထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး သမ္မတဘုရှ်အစိုးရဘက်ကလည်း တုံ့ပြန်ပြောကြားလျက်ရှိရာ အငြင်းပွားမှုများ ပိုမိုအားကောင်းလာဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အင်္ဂါဂြိုဟ်ဆင်းယာဉ် အော့ပိုကျူနီတီ ဂြိုဟ်၏မျက်နှာပြင်ကိုတူးဆွလှေ့လာ

ကိုလံဘီယာ ဖေဖော်ဝါရီ ၂၀

အင်္ဂါဂြိုဟ်ဆင်းယာဉ် အော့ပိုကျူနီတီသည် ပထမဆုံးအကြိမ်အဖြစ် အင်္ဂါဂြိုဟ်၏မျက်နှာပြင်အား တူးဆွလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ သိပ္ပံပညာရှင်များ ရွေးချယ်ထားသော အက်ကွဲကြောင်းတွင် အော့ပိုကျူနီတီသည် ၎င်း၏စက်ပစ္စည်းများကို အသုံးပြုကာ မျက်နှာပြင်အောက် တစ်လက်မအနက်သို့ ခြောက်မိနစ်တူးဖော်ခဲ့ပြီး ဂြိုဟ်မျက်နှာပြင်အောက်မှာရှိနေနိုင်သည့် ပစ္စည်းများအား လေ့လာလျက်ရှိသည်။

ပညာရှင်များက ရေရှိမှသာဖွဲ့စည်းနိုင်သည့် ယောမတိုက်သတ္တုဓာတ်များ အမြောက်အမြားရှိနိုင်သည်ဟု ယူဆထားသည့်နေရာကို တူးဖော်ကြည့်ခြင်းဖြစ်ကာ ရလဒ်များကို မကြာမီသိရမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်၏ အခြားတစ်ဖက်ရှိ စပရစ်ဂြိုဟ်ဆင်းယာဉ်သည် သတ်မှတ်ထားသည့်နေရာသို့ ရွေ့လျားလျက်ရှိပြီး ၁၂ ရက်ခန့် ကြာမြင့်မည်ဖြစ်သည်။ သို့ရာတွင် လမ်း၌ရပ်နားမှုပေါ်မူတည်ပြီး ရက်ပိုမိုကြာမြင့်နိုင်ကြောင်း သိရသည်။ (စီစီတီဗွီ)

ဘူဂေးရီးယားတပ်ဖွဲ့ဝင် တစ်ဦးဒဏ်ရာရရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေနတ်မတော်တဆထိမှန်သဖြင့် ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသော ဘူဂေးရီးယားတပ်ဖွဲ့ဝင်ကို ဘဂ္ဂဒက်ရှိ ဆေးရုံတစ်ခုသို့ အလျင်အမြန်တင်ပို့လိုက်ရပြီး အသက်အန္တရာယ် စိုးရိမ်ဖွယ်မရှိကြောင်းသိရသည်။ယင်းမတော်တဆဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ပေးထားကြောင်းလည်း သိရသည်။

(အင်တာနက်)

တရုတ်-ရိုမေးနီးယား ဥပဒေပညာရှင်များ ဥပဒေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်မည်

ဘေဂျင်း ဖေဖော်ဝါရီ ၂၀

တရုတ်နိုင်ငံထိပ်တန်းဥပဒေပြု ဝူဘန်ဂိုးနှင့်ထိပ်တန်းဥပဒေအကြံပေးဂျာချီလင်တို့သည် တရုတ်နိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော ရိုမေးနီးယားပါလီမန်၏ ဥပဒေရေးရာအကြီးအကဲနှင့်တွေ့ဆုံခဲ့ပြီး ဥပဒေပြုလွှတ်တော် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယခုနှစ်သည် တရုတ်နှင့်ရိုမေးနီးယားနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု(၅၅)နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပြီး ဥပဒေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများလုပ်ကိုင်ရန် နှစ်နိုင်ငံလုံးက စိတ်အားထက်သန်လျက်ရှိကြောင်းလည်း သိရသည်။

စတင်ခဲ့

နှစ်နိုင်ငံကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှုများကို ကျေနပ်အားရကြောင်း၊ ယင်းကဏ္ဍသည် နှစ်နိုင်ငံဆက်သွယ်ရေး၌ အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေကြောင်း တရုတ်နိုင်ငံထိပ်တန်းဥပဒေပြု ဝူဘန်ဂိုးက ပြောကြားခဲ့သည်။ နှစ်နိုင်ငံလုံးရှိ လူငယ်ဥပဒေပညာရှင်များကိုလည်း မကြာခဏတွေ့ဆုံဆွေးနွေးစေရန် ဝူဘန်ဂိုးက အကြံပြုခဲ့သည်။ တရုတ်နှင့်ရိုမေးနီးယားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၄၉ခုနှစ်က စတင်ခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

စစ်ဆေးမေးမြန်း

ဖေဖော်ဝါရီ ၂၀ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက် အဘူဂါရစ်တွင် အီရတ်တို့ကို စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို အမေရိကန်ကျူးကျော်မှု တစ်နှစ်နီးပါးရှိလာသော်လည်း ပြောက်ကျားတို့၏ခုခံတိုက်ခိုက်မှုများကို အမေရိကန်တို့ဆက်လက်ရင်ဆိုင်နေကြရဆဲ

ဖေဖော်ဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့ကို ရှာဖွေစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၀ ရက်က နာဂျက်ဖ်မြို့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆက်သွယ်ပြောဆို

ဖေဖော်ဝါရီ ၂၀ ရက်က ဘဂ္ဂဒက်အနောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ကြေးနန်းဆက်သွယ် ပြောဆိုနေသည်ကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ၂၀ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်စစ်ပွဲကြောင့် အီရတ်နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော ရေနံလုပ်ငန်းအများအပြား ပျက်စီးရသည်။ ဖေဖော်ဝါရီ ၂၀ ရက်က ဘဂ္ဂဒက်ရှိ ရေနံစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အမေရိကန်တို့ ဆောင်ရွက်နိုင်ခြင်းမရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁

စစ်ပြီးကာလ အီရတ်နိုင်ငံ၌ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် အီရတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့တို့က ဆောင်ရွက်နေသော်လည်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရသည်။ အထူးသဖြင့် အုပ်ချုပ်ရေးပိုင်းနှင့်လုံခြုံရေးအပိုင်း၌ တာဝန်ယူဆောင်ရွက်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုများ မြင့်တက်လာသည်ကို တွေ့ရသည်။

အဆိုပါအီရတ်များအား အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သူများဟု ယူဆကာ ခုခံတိုက်ခိုက်သူများက တိုက်ခိုက်လျက်ရှိရာမှ ကျွမ်းကျင်သူပညာရှင်များလည်း အသက်ဆုံးရှုံးခဲ့ရသည်။

တိုက်ခိုက်မှုများအနက် မှတ်တမ်းတင်နိုင်သော အမှုများရှိသကဲ့သို့ မှတ်တမ်းမရှိသည့် အမှုများလည်း ရှိသည်။ နိုင်ငံရေးသမားတစ်ဦးဖြစ်သူ အဗ္ဗဒူလ်အယ်မီယာ သေဆုံးမှု၌ ရဲစခန်းမှတ်တမ်းရှိသော်လည်း သတ်ဖြတ်သူများကို မဖော်ဆောင်နိုင်သေးဘဲရှိသည်။ ဆက်ဒမ်အစိုးရ မရှိတော့သည့်နောက်ပိုင်း အီရတ်ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများဖြစ်သည့် ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးအဖွဲ့အစည်း ပျက်ပြားသွားသည့်အတွက် တစ်နိုင်ငံလုံးတွင် မှုခင်းများ မြင့်တက်လာခဲ့သည်။

စနစ်တကျ ထိန်းချုပ်ထားခြင်းမရှိသော နိုင်ငံတွင်း၌ လူသတ်တရားခံများပင် အလွယ်တကူ ခြေရာဖျောက်သွားနိုင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘာကူဘာမြို့နေ အီရတ်ပြည်သူများ ကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံနေရ

ဘာကူဘာ ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များကို ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်လျက်ရှိသော အချက်အချာကျသည့် ဘာကူဘာမြို့တွင် အမေရိကန် အမှတ်(၄) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက ၎င်းတို့အား ဆန့်ကျင်တိုက်ခိုက်နေသောအဖွဲ့ကိုနှိမ်နင်းရန် အဓိကထားကာ ညအချိန် ရုတ်တရက်ဝင်ရောက်စီးနင်းရှာဖွေခဲ့ပြီး သင်္ကာမကင်းသူများဟုဆိုကာ ၂၂ဦးကို ဖမ်းဆီးခဲ့သည်။

ယုံကြည်

အထူးသဖြင့် ဖမ်းဆီးသူများထဲမှ ခုနစ်ဦးသည် အမေရိကန်တို့၏ အဓိကပစ်မှတ်ဖြစ်ပြီး ပြည်ပတိုက်ခိုက်ရေးသမားများနှင့် ဆက်သွယ်နေသူများဟု အမေရိကန်တို့က ယုံကြည်လျက်ရှိသည်။ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဖြစ်ပွားသည့် ပိုလန်အခြေစိုက်စခန်း တိုက်ခိုက်ခြင်းခံရမှုသည်လည်း ပြည်ပတိုက်ခိုက်ရေးသမားများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်နိုင်သည်ဟု အမေရိကန်တို့က ယုံကြည်လျက်ရှိသည်။ **(စီအင်န်အင်န်)**

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အသစ် လိုအပ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အီရတ်တွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍနှင့်ပတ်သက်သော လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သစ် လိုအပ်မည်ဖြစ်ကြောင်း ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့က ဖေဖော်ဝါရီ ၁၈ရက်က ပြောကြားလိုက်သည်။

အီရတ်တွင် ကုလသမဂ္ဂကို ပိုမိုကြီးမားသော အခန်းကဏ္ဍယူရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းထားသော်လည်း လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ်သည် အမေရိကန်ပြည်ထောင်စုနှင့် အတိုက်အခံ နိုင်ငံကြီးနှစ်ခုကြား ထိပ်တိုက်ရင်ဆိုင်မှု အသစ်တစ်ရပ်ပေါ်ပေါက်လာ ဖွယ်ရှိသည်ဟု ဆိုသည်။

ပေါ်ပေါက်လာ

အီရတ်အစိုးရအဖွဲ့သစ် မည်သို့ရွေးချယ် မည်ဆိုသည် နှင့်ပတ်သက်သည့် ထောက်ခံချက်များ ထုတ်ပြန်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြင်ဆင်နေချိန်တွင် အဆိုပါ အခက်အခဲတစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထုတ်ပြန်ဖွယ်

မစ္စတာအာနန်သည် စီစဉ်ထားသည့်အတိုင်း အုပ်ချုပ်ရေးအာဏာကို မလွှဲပြောင်းမီ တိုက်ရိုက်ရွေးကောက်ပွဲများ မဖြစ်နိုင်ကြောင်း ယနေ့လုံခြုံရေးကောင်စီသို့ ပြောဖွယ်ရှိသော်လည်း ယခုနှစ်ကုန်၌ ကျင်းပရန်လိုမည်ဖြစ်သည်။ ထို့ပြင် ယခုလ၌ အီရတ်သို့သွားရောက်ခဲ့သော ကုလသမဂ္ဂအဖွဲ့အပေါ် အခြေခံသည့်ထောက်ခံချက်များ ရှေ့သီတင်းပတ်၌ ထုတ်ပြန်ဖွယ်ရှိသည်။ **(အင်တာနက်)**

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၂၀ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် လမ်းဘေးဗုံးပေါက်ကွဲနိုင်သည့် သတင်းရရှိသဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လိုင်ဘေးရီးယား ကလေးငယ်များ ကာကွယ်ဆေးထိုးရန် ယူနီဆက် ကူညီမည်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၁

လိုင်ဘေးရီးယားလူဦးရေ၏ ထက်ဝက်နီးပါးဖြစ်သော ကလေး ၁ ဒသမ ၄သန်းကို ဝက်သက်ကာကွယ်ဆေးထိုးပေးသည့်လုပ်ငန်းအား အထောက်အကူပေးရန် ကုလသမဂ္ဂ ကလေးများရန်ပုံငွေ (ယူနီဆက်)က စီစဉ်ထားကြောင်း အင်္ဂါနေ့တွင် ကြေညာလိုက်သည်။

ကယ်ဆယ်

လိုင်ဘေးရီးယားကလေးငယ် ၁ ဒသမ ၄သန်းကို ယခုနှစ်ကုန်၌ ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ ဝက်သက်ကာကွယ်ဆေးထိုးခြင်းသည် လာမည့်သုံးနှစ်တွင် ကလေးငယ် ၁၀၀၀၀ ၏ အသက်ကို ကယ်ဆယ်မည်ဖြစ်ကြောင်း ယူနီဆက် ပြောရေးဆိုခွင့်ရှိသူ ဒါမီယန်ပါဆွန်နက်ဇ်က ပြောကြားသည်။

လိုင်ဘေးရီးယားနိုင်ငံတွင် ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို ယမန်နှစ်ကစတင်ခဲ့ပြီး လိုင်ဘေးရီးယား၏စုစုပေါင်းလူဦးရေ ထက်ဝက်နီးပါးဖြစ်သော အသက်ခြောက်နှစ်နှင့် ၁၅နှစ်ကြား ကလေးများအားလုံးကို ကာကွယ်ဆေးထိုးပေးရန်လျာထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဖမ်းဆီး

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တို့ကို ဖမ်းဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တစ်ဦးကို ဖမ်းဆီးလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှဒေသတွင် ရင်သားကင်ဆာဖြစ်ပွားမှု အလွန်နည်းပါး

ပါရီ ဖေဖော်ဝါရီ ၂၀

လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် ဓာတ်မတည့်၍ ယားယံမှုဖြစ်ပွားနှုန်း ပြင်သစ်နိုင်ငံတွင် တိုးတက်မြင့်မားလာကြောင်း ကျွမ်းကျင်သူနှစ်ဦးက ပြုစုခဲ့သည့် အစီရင်ခံစာအရ သိရသည်။ လေထုနှင့်ရေထုညစ်ညမ်းမှုများ၊ ဓာတုပစ္စည်းများစားသုံးမှုတို့ကြောင့် ယခုကဲ့သို့ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် အနှစ်၂၀အတွင်း ကင်ဆာရောဂါဖြစ်ပွားမှုသည် ၃၅ ရာခိုင်နှုန်း မြင့်တက်လာပြီး အာရှဒေသတွင် ရင်သားကင်ဆာဖြစ်ပွားမှုသည် အလွန်နည်းပါးသည်။ သို့ရာတွင် ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် နေထိုင်သော အာရှတိုက်သားများသည် မျိုးဆက်တစ်ခုပြီးနောက် ကင်ဆာရောဂါဖြစ်ပွားမှုသည် ၎င်းတို့နေထိုင်ရာနိုင်ငံ၌ ကင်ဆာရောဂါဖြစ်ပွားနှုန်းအတိုင်း ဖြစ်ပွားလာကြောင်း သိရသည်။ ပြင်သစ်နိုင်ငံတွင် တစ်နှစ်လျှင် ကင်ဆာကြောင့် လူပေါင်း တစ်သိန်းခွဲခန့် သေဆုံးခဲ့ရာ သုံးသောင်းသည် ဆေးလိပ်သောက်သုံးမှုကြောင့်ဖြစ်ကာ ကျန်သူများသည် ပတ်ဝန်းကျင် အခြေအနေကြောင့်ဖြစ်ကြောင်း သိရသည်။

အဓိကအချက်များမှာ ဓာတုပစ္စည်းများကြောင့်ဖြစ်သည်။ ဓာတ်မြေဩဇာများမှ ပိုးသတ်ဆေးများနှင့် နိုက်ထရစ်ဓာတ်များကြောင့် ဖြစ်ပွားရသည့်အပြင် အစားအစာများ၌ အသုံးပြုသော ကာစီနိုဂျင်ကြောင့်လည်း ဖြစ်ပွားရသည်။

(စီအက်ဖ်အိုင်)

အမှာစကားပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၀၃ ခုနှစ် တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တိုင်းပြည်နှင့်လူမျိုးကိုချစ်တတ်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များရှိအောင်တည်ဆောက် ရဲလုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟစသော အဂတိတရားလေးပါးရှောင်ရှား ပြည်သူချစ်သောရဲတပ်ဖွဲ့ဖြစ်ရေး ပြည်သူကိုဦးထိပ်ထားပြီး ပြည်သူ့ဘက်ကမားမားမတ်မတ်ရပ်တည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၃ ခုနှစ် ဒုတိယနှင့် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး စွမ်းရည်လေးရပ်ဆုရရှိသော ရဲတပ်ဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ်၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး ကြိုးပမ်းတည်ဆောက်နေခြင်းကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ၎င်းအပြင် မိမိတို့၏ အနာဂတ်ရည်မှန်းချက်မှာလည်း စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအဖြစ် အဆင့်(၇)ဆင့်နှင့် ကူးပြောင်းမှာဖြစ်ကြောင်း အတိအလင်းပြောကြားထားပြီးဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးမှုရှိမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင်ပင်ဖြစ်ဖြစ်၊ ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံအဖြစ် ကူးပြောင်းရာတွင်ပင်ဖြစ်ဖြစ် နိုင်ငံတော်၌ အလိုအပ်ဆုံးအချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၌တည်ငြိမ်မှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု မရှိလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မျှလုပ်ရမည်မဟုတ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရန်လည်း မရနိုင်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက်–

(က) တပ်ကောင်းရန်လိုကြောင်း၊

(ခ) ရဲကောင်းရန်လိုကြောင်း၊

(ဂ) အုပ်ချုပ်ရေးအဖွဲ့များကောင်းရန်

လိုအပ်ကြောင်းကို နိုင်ငံတော်အကြီးအကဲက ထောက်ပြထားကြောင်း။

တပ်ကောင်းရန်အတွက် ယနေ့တပ်မတော်ကို၊ နိုင်ငံတော်ကို သားစဉ်မြေးဆက်တိုင် ကမ္ဘာတည်သရွေ့ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် ဖြစ်အောင် တည်ဆောက်နေကြောင်း။

အနီးကပ်ကြီးကြပ်

ရဲတပ်ဖွဲ့ကောင်းရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စနစ်ကျနသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သောတပ်ဖွဲ့ဖြစ်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားတစ်ရပ်ဖြစ်ရေးတို့အတွက် ရည်မှန်းချက်ထားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီကို ၁၉၉၄ခုနှစ်ကပင် စတင်ဖွဲ့စည်းပြီး ဆပ်ကော်မတီခြောက်ရပ်နှင့်အတူ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ၌ ယခုဆိုလျှင် ကိုးနှစ်ကျော် ၁၀နှစ် အတွင်းသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ယခင်အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်)ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဤတာဝန်ကို မိမိအားလွှဲပြောင်းပေးခဲ့ခြင်းဖြစ်သဖြင့် ဆပ်ကော်မတီခြောက်ရပ်နှင့်အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်များနှင့်ပတ်သက်ပြီး–

(က) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

(ခ) တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏ အကာအကွယ်အောက်တွင် စိတ်အေးချမ်းမြွေလွတ်လပ်စွာ ပရိယေသနဝမ်းစာရှာမှီးစားသောက်နိုင်ရေး၊

(ဂ) နိုင်ငံတော်တွင် အရေးကြုံကာလ ရောက်ရှိပါက နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရေး။

ဟူသည့် အဓိကပင်မတာဝန်သုံးရပ် သတ်မှတ်ပေးထားခြင်းဖြစ်၍ ဤတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်

၎င်းအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိ၍ စွမ်းရည်ပြည့်ဝသော ခေတ်မီသည့်တပ်ဖွဲ့ဖြစ်ရန်လိုကြောင်း၊ မျိုးချစ်စိတ်ရှိရေးအတွက် ကိုလိုနီခေတ်က အတွေးအခေါ်အယူအဆများ၊ ဗျူရိုကရက်ဆန်သည့် အကျင့်ဆိုးများကို ပယ်ဖျောက်ပြီး ပြည်သူဘက်က ရပ်တည်သော၊ ပြည်သူနှင့်တစ်သားတည်းဖြစ်သော၊ ပြည်သူကိုကူညီလိုသော စိတ်ဓာတ်များ၊ မိမိတိုင်းပြည်နှင့် လူမျိုးကိုချစ်တတ်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များရှိအောင် တည်ဆောက်ရန်ဖြစ်ကြောင်း။

စွမ်းရည်ပြည့်ဝရေးအတွက် အမြဲမပြတ်လေ့ကျင့်နေရန်လိုကြောင်း၊ ခေတ်မီရေးအတွက် ကွန်ပျူတာနှင့်ခေတ်မီသည့် အတတ်ပညာနည်းပညာများ အမြဲဆည်းပူးလေ့လာသင်ယူတတ်မြောက်နေရန် လိုအပ်မည်ဖြစ်ကြောင်း။

ဂုဏ်သိက္ခာထောက်ထား

မိမိတို့၏ပင်မ ရဲလုပ်ငန်းတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟစသော အဂတိတရားလေးပါးကို ရှောင်ရှားပြီး တံစိုးလက်ဆောင်သုံးပါးတောင်း၍ပေးရခြင်း၊ မတောင်းသော်လည်း အခွင့်အရေးကို မျှော်ကိုး၍ပေးရခြင်း၊ မပေးပေးအောင် အကျပ်ကိုင်ခြင်းစသည့် ရှောင်ကြဉ်အပ်သော တရားများကို မိမိ၏ ရာထူး၊ မိမိ၏ဂုဏ်သိက္ခာ၊ မိမိ၏ပညာဂုဏ်တို့ကို ထောက်ထားပြီး ရှောင်ကြဉ်သွားရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စွမ်းရည်(၄)ရပ်ဆုရ ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတို့ကို ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တရားခံ အစစ်အမှန်ဖော်ထုတ်ရာ၌ အခင်းဖြစ်ပွားရာသို့ ကိုယ်တိုင်သွားရောက်ပြီး ပစ္စည်းသက်သေ၊ လူသက်သေများကို စုံစုံလင်လင်ရှာဖွေစစ်ဆေးကာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို သက်သေအထောက်အထားစုံလင်စွာဖြင့် တရားစွဲဆိုတင်ပြနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ တရားစွဲအဖွဲ့အစည်းဝင်များ၊ မှုခင်းဆရာဝန်များ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများနှင့် နီးကပ်စွာပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ သို့မှသာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို ဖော်ထုတ်ပြီး ဟန့်တားလောက်သည့် ပြစ်ဒဏ်များချမှတ်ကာ တရားရေးမဏ္ဍိုင်ခိုင်ခံ့တည့်မတ်မှန်ကန်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

တချို့သော ပြစ်မှုကျူးလွန်သူများသည် လောဘ၊ ဒေါသ၊ မောဟကြောင့် ကျူးလွန်ကြတာရှိသကဲ့သို့ တချို့လည်း မလွဲသာမရှောင်သာ၍ကျူးလွန်ရခြင်းမျိုး၊ တချို့မှာ မဟုတ်မမှန်လုပ်ကြံစွပ်စွဲထားခြင်းမျိုးများ ရှိသည့်အတွက် တရားခံအစစ်အမှန်ကို စိတ်ရှည်လက်ရှည် စစ်ဆေးဖော်ထုတ်ပြီး မှန်မှန်ကန်ကန်အရေးယူကြရန်လိုအပ်ကြောင်း၊ ကိုလိုနီခေတ်ကကဲ့သို့ သခင့်အလိုကျ ဘိန်းပစ်ပြီးဖမ်းသည့် အမှုအကျင့်မျိုးများ ပပျောက်ရန်လိုအပ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၄ သို့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၀၄) အပြီးတွင် မဟာပါသာဏလိုဏ်ဂူပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများနှင့် လိုဏ်ဂူအတွင်းပိုင်း မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ထေရဝါဒအနှစ်သာရပြည့်ပြည့်ဝဝဖြင့် စနစ်တကျကျင်းပ ကျင်းပခဲ့သည့်ညီလာခံအတွေ့အကြုံများအရ ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကြိုတင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့ကို ဖွဲ့စည်းပေးထားပြီး ကော်မတီအလိုက်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ထေရဝါဒ အနှစ်သာရပြည့်ပြည့်ဝဝဖြင့် စနစ်တကျ ပီပီပြင်ပြင် ကျင်းပသွားနိုင်အောင် ကော်မတီများအနေဖြင့် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ခမ်းနားစွာကျင်းပ

ယခင် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများ၏ အတွေ့အကြုံများကိုလည်း မိမိတို့ ရရှိထားပြီးဖြစ်ရာ ယခု မိမိတို့ လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ပိုမိုစနစ်ကျနစွာဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားနိုင်အောင် ပြင်ဆင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပြီးသော ကော်မတီ၊ ဆပ်ကော်မတီအလိုက်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် ကြိုတင် ပြင်ဆင်မှုလုပ်ငန်းများကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လုပ်ငန်းအခြေအနေများတင်ပြ

ယင်းနောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ကြို့ဆိုပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဘဏ်ထွန်းအောင်၊ အစည်းအဝေးများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ကျန်းမာရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က မိမိတို့ ဆပ်ကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက် ပြီးစီးမှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံး ညှိနှိုင်းဆောင်ရွက်ကြရေးမှာကြားသည်။

ယင်းနောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြသထားသည့် ကမ္ဘာ့အေး မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မုခ်ဦး နမူနာ၊ ဒီဇိုင်းပုံစံနှင့် လိုဏ်ဂူအတွင်း အပြင်၌ ကပ်လှူပူဇော်လျက်ရှိသည့် ကျောက်စိမ်းနမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ရောက်ရှိကြပြီး မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မုခ်ဦး နမူးစည်နှင့် ပရဝဏ်စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်း၊ မဟာပါသာဏလိုဏ်ဂူအတွင်းပိုင်း မွမ်းမံမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားပြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမှ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးရည်ညွှန်းသော စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီပန်းပုအနုပညာ ဘာသာရပ်နယ် ရသစာပေများနှင့် ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရစာတမ်းများအား ဖတ်ကြားမည့် ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များအဖြစ် ပါရဂူ၊ နန္ဒာသိန်းဇံ၊ ချစ်ဦးညို၊ ချစ်စံဝင်း၊ မောင်အံ့ (မဟာဝိဇ္ဇာ ဘုံဘော)၊ဦးမင်းနိုင်၊ ဂီတလုလင် ဦးကိုကိုနှင့် ဦးမြင့်စံ(ပါမောက္ခ ပန်းပု) တို့က ဖတ်ကြားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်သာမဏောဓမ္မဗိမာန် သမထဝိပဿနာသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေတိဂုံဘုရား အရှေ့ဘက် မုခ်အာဇာနည်လမ်း ရှင်သာမဏောဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာ သင်တန်းကို မတ် ၂ ရက်မှစ၍ ညနေ ၅ နာရီမှ ၆ နာရီထိ ဖွင့်လှစ်မည်။ သင်တန်းကို အနာဂါမ်ဆရာသက်ကြီး နည်းအရ ဒလအံ့ကြီးလယ်တီမူဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

● မြန်မာ-ထိုင်းမှ

ထိုင်းနိုင်ငံ Siam Jonathan Co., Ltd. ၏ Chairman Mr. Aroon Inthanapasart က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် ထိုင်းနိုင်ငံ Siam Jonathan Co., Ltd. ၏ Chairman Mr. Aroon Inthanapasart နှင့် Managing Director Mr. Jirawat Supaseta Anun တို့က ငါးဖမ်းလုပ်ငန်းဆိုင်ရာ သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ ငါးလုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Sitdhi Boonyaratpalin နှင့်အဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

▼ **မြန်မာ့ဘောလုံးမှ**

အဆိုပါညစာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံအိုလံပစ်ကောင်စီဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယကများနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားသမားများ၊ အလှူရှင်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည်အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအားကစားသမားများ ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ် (၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲအတွက်လေ့ကျင့်နေမှုနှင့်ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကစားနေမှု မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာ့ဘောလုံးအသင်း အောင်ပန်းဆင်အနိုင်ရရှိစေရေးအတွက် မြန်မာတစ်မျိုးသားလုံးက အာသာဆန္ဒပြင်းပြစွာ မျှော်လင့်တောင့်တပြီး အားပေးချီးမြှောက်နေသည့် ယနေ့အချိန်အခါတွင် မြန်မာလူငယ်ဘောလုံးအသင်းများ အနေဖြင့် အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ၊ ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတို့တွင် ပထမဆုဖလားကြီးများ အကြိမ်ကြိမ်ဆွတ်ခူးအောင်ပန်းဆင်နိုင်ခဲ့ခြင်းသည် မြန်မာလူငယ်ဘောလုံးလက်ရွေးစင်အားကစားသမားများအတွက်သာမက မြန်မာတစ်မျိုးသားလုံးအတွက် အားရဂုဏ်ယူဖွယ်ဖြစ်ပါသည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

မြန်မာလူငယ်လက်ရွေးစင်အသင်းများအနေဖြင့် ၂၀၀၂ ခုနှစ်တွင် ပထမအကြိမ် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ်တွင် ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတို့၌ နှစ်နှစ်ဆက်တိုက် ပထမဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခု ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာလူငယ်ဘောလုံးအသင်းအတွက် အောင်မြင်မှု သမိုင်းမှတ်တိုင်များ တစ်ဆင့်ပြီး တစ်ဆင့် စိုက်ထူနေခြင်းပင် ဖြစ်သည်ဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် စီးပွား ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားစသည့် နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် နိုင်ငံတကာ့အလယ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာ မြင့်မားထည်ဝါစေရန်တစ်မျိုးသားလုံးအားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ ယခုလို အချိန်အခါမျိုးတွင် အားကစားအောင်နိုင်ရေးကိုအမျိုးသားရေးအဖြစ် ခံယူပြီး မြင့်မားသည့် ရည်မှန်းချက်၊ ထက်သန်ပြင်းပြသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ မဆုတ်မနစ် ဇွဲလုံ့လဝီရိယတို့နှင့် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင်အနိုင်ရရှိမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်သိက္ခာကို ပိုမိုမြင့်မားထည်ဝါတင့်တယ်စေသည် ဆိုသည့်ခံယူချက်နှင့်အညီ 'မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်' ဆိုသည့် မွန်မြတ်မြင့်မားသည့် အန္တိမ ရည်မှန်းချက်ထားရှိပြီး အမျိုးသား အားကစားအဆင့်အတန်းတိုးတက် မြင့်မားရေးအတွက် အားကစားဆိုင် ရာမူဝါဒများ၊ လုပ်ငန်းစဉ်များစနစ် တကျချမှတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် အမျိုးသားအားကစားမြှင့်တင်ရေးမူဝါဒများ၊ စနစ်တကျချမှတ်အားပေးဆောင်ရွက်မှုများအပြင် ပြန်လည်ပြီး သွေးသစ်လောင်းဖွဲ့စည်းပေးခဲ့သည့် အားကစားအဖွဲ့ချုပ်များ၏ တက်ကြွသည့် လှုပ်ရှားဆောင်ရွက်မှုများ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ထက်သန်သည့်အားပေးထောက်ကူမှုများ၊ အားကစားသမားမောင်မယ်များ၏ မဆုတ်မနစ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့် ပြည်သူများ၏ အားပေးချီးမြှောက်မှုများပေါင်းစည်းပြီး ယခုအချိန်အခါတွင် မြန်မာ့အားကစားအဆင့်အတန်းညှိုးမှိန်နေရာက ပြန်လည်ဦးမော့လာနေပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုဆိုလျှင် မြန်မာ့အားကစားသည် အရှေ့တောင်အာရှ ပြိုင်ပွဲများတွင် ပြန်လည်အောင်ပန်းဆင်လာနေပြီဖြစ်သည့်အပြင် အချို့သော အားကစားနည်းများတွင် အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်သို့ တိုင်ထိုးဖောက်ဝင်ရောက်အောင်မြင်ဖြစ်ထွန်းစပြုနေပြီဖြစ်ကြောင်း။

သို့သော်လည်း အမျိုးသားအားကစားနည်းဟုဆိုရမည့် ဘောလုံးအားကစားသည် ထိုက်သင့်သည့် အောင်နိုင်မှုများနှင့် ဝေးနေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်သောအခါက မြန်မာ့ဘောလုံးအားကစား၏ အရှေ့တောင်အာရှမှသည် အာရှအဆင့်တိုင်ထွန်းပေါက်အောင်မြင်ခဲ့သည့် အောင်နိုင်မှုဆုလာဘ်များ ပြန်လည်ရရှိရေးအတွက် တစ်မျိုးသားလုံးက အာသာဆန္ဒပြင်းပြစွာ၊မျှော်လင့်ချက်ကြီးမားစွာနှင့် အားပေးစောင့်မျှော်လျက်ရှိနေခဲ့ကြရကြောင်း။

ယခုကဲ့သို့ တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှုကြောင့် မြန်မာ့ဘောလုံးအားကစားသည် အောင်နိုင်မှုအဆင့်များ ရံဖန်ရံခါရရှိလာခဲ့သော်ငြားလည်း တစ်မျိုးသားလုံး၏ အားပေးချီးမြှောက်မှု၊ မျှော်လင့်တောင့်တမှုများနှင့်နှိုင်းစာလျှင် ထိုက်တန်သည့် အောင်နိုင်မှုများရရှိရန်လိုအပ်နေသေးသည်ကို တွေ့ရကြောင်း၊ ယင်းကဲ့သို့ အခြေအနေမျိုးတွင် တစ်မျိုးသားလုံးက အားမလျှော့ဘဲ ပိုမိုထက်သန်သည့် အားပေးမြှောက်မြှောက်မှုများနှင့် ချီးမြှောက်ဆောင်ရွက်လာခဲ့သည့်အတွက် ယခုဆိုလျှင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများပြန်လည်ပေါ်ထွန်းလာခဲ့ပြီး မြန်မာလူငယ်ဘောလုံးအသင်းများ အောင်နိုင်မှုများစတင်ဆွတ်ခူးလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုဆိုလျှင် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အသက်(၁၈)နှစ်အောက်မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းများသည် ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲများနှင့် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲ သုံးမျိုးတွင် ပထမဆုများကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခြင်းသည် မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများအတွက် ထူးခြားသည့် အောင်မြင်မှုဟု ဆိုရမည်ဖြစ်ကြောင်း။

တစ်မျိုးသားလုံးဂုဏ်ယူ

အထူးသဖြင့် ယနေ့ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် အသက် (၁၈) နှစ်အောက်မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဆက်တိုက်အောင်နိုင်ခဲ့သည့်အပြင် ဗိုလ်လုပွဲမှာပွဲချိန် ၇၆မိနစ်လုံးလုံးဘောလုံးသမား ၁၀ ယောက်တည်းနှင့်အောင်နိုင်မှုရရှိအောင် ဇွဲလုံ့လဝီရိယစိတ်ဓာတ်မြင့်မားစွာဖြင့် အပြင်းအထန်ကစားနိုင်ခဲ့တာကြောင့် အောင်ပွဲဆင်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူမဆုံးဖွယ်ပင်ဖြစ်ကြောင်း။

ဤသို့ထူးခြားစွာ အောင်မြင်မှုရရှိခြင်းသည် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း၏ သက်လုံကောင်းမှု၊ စုစည်းညီညွတ်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည့်အတွက် လူငယ်ဘောလုံးအားကစားသမားများကိုရော၊ အုပ်ချုပ်သူများ၊ နည်းပြများကိုပါ ယနေ့ထိုက်တန်စွာချီးကျူးဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

သို့သော် လက်ရွေးစင်ဘောလုံးအသင်းအားလုံးအနေနှင့် တစ်ပြေးညီအောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်းကြရန်လိုအပ်နေသေးကြောင်း၊ အားပေးမှုများအနေနှင့် ပြောရလျှင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက မြန်မာလက်ရွေးစင်ဘောလုံးအသင်း၊ မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း၊ အသက် (၂၃)နှစ်အောက်၊ အသက် (၂၀) အောက်၊ အသက် (၁၈)နှစ်အောက်၊ အသက် (၁၇)နှစ်အောက်၊ အသက် (၁၆)နှစ်အောက်စသည့် လက်ရွေးစင်ဘောလုံးအသင်းအဆင့်ဆင့်နှင့်နည်းပြများ၊နည်းစနစ်မှူးများအတွက်ပါ လစဉ်ထောက်ပံ့ကြေး၊နေထိုင်စားသောက်စရိတ်၊ စခန်းသွင်း လေ့ကျင့်စရိတ်များ ထောက်ပံ့ပေးခဲ့ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

၂၀၀၀ပြည့်နှစ်ကစတင်ပြီး မြန်မာ့ဘောလုံးအားကစား မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီမှတစ်ဆင့်သော် လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံး အားကစားအဖွဲ့အချုပ်သို့သော်လည်းကောင်း စဉ်ဆက်မပြတ် ထောက်ပံ့အားပေးခဲ့ရာမှာ ယခုအချိန်အထိ ကျပ်ငွေသိန်းပေါင်း ၆၇၄၀ကျော်၊ ထိုင်းနိုင်ငံသုံးဘတ်ငွေ၅၅၀၀၀၀နှင့် အမေရိကန်ဒေါ်လာတစ်သိန်းကျော် ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ဒီအတွက် နိုင်ငံတော်ရဲ့ ကိုယ်စားသော် လည်းကောင်း၊ အားကစားအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များအတွက် အားတက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ဘောလုံးအားကစားအဖွဲ့ချုပ်သစ်အနေနှင့် ယခုအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် တိုးတက်အောင်မြင်မှုများရရှိရန် မှန်ကန်သောဦးဆောင်မှု၊ တက်ကြွသောအားမာန် ဘောလုံးအားကစားသမား မောင်မယ်များရဲ့ ကိုယ်စားသော်လည်းကောင်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း တစ်ဆက်တည်းပြောကြားလိုကြောင်း၊ အားကစားသမားအားလုံးကလည်း ကျေးဇူးတင်ကြရမှာဖြစ်ကြောင်း။

ထို့အပြင်သွေးသစ်လောင်းပြန်လည်ဖွဲ့စည်းပေးခဲ့သည့် မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်အနေနှင့် ပထမဆုံးပါဝင် ယှဉ်ပြိုင်ခဲ့သည့် ပထမအကြိမ်ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲမှာ ပထမဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်မှာ ကြားလိုကြောင်း။

ဆက်လက်ဖော်ဆောင်

နိုင်ငံတော်အစိုးရအနေနှင့်လည်း မြန်မာလူငယ်ဘောလုံးသမားများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရှေ့အလားအလာကောင်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ပေးနိုင်စေရန်အတွက် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းမြှင့်တင်ပေးရေးအစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီစဉ်ဆောင်ရွက်ပေးထား

မြန်မာ့ဘောလုံးအားကစားအဆင့်အတန်းမြှင့်တင်ရေးအတွက် စံပြည့်မီ ဘောလုံးလေ့ကျင့်ကွင်းများ၊ ပြိုင်ပွဲအဆင့်ဘောလုံးကွင်းများ တိုးချဲ့ဖော်ထုတ်သွားရန်ရှိပြီး ဘောလုံးကွင်းများ အဆင့်မြှင့်တင်မွမ်းမံသွားရန်၊ ဘောလုံးအားကစားအသင်းအလိုက် အဆင့်အတန်းပြည့်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် နည်းပြများ၊ နည်းစနစ်မှူး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံး အသင်းအား ဂုဏ်ပြုပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံး အသင်းအား ဂုဏ်ပြုပွဲတွင် အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ် ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ် ဘောလုံးအသင်းအားဂုဏ်ပြုပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်အား အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက ဂုဏ်ပြုချီးမြှင့်ငွေ ဘတ် ၁၀၀၀၀၀ကို နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမရက ပေးအပ်စဉ်။ (သတင်းစဉ်)

ပရိယတ်အာဂုံဆောင်ရွတ်ဆိုပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မိုးကောင်းမြို့နယ် ကံလှကျေးရွာ အုပ်စု ဘုန်းတော်ကြီးကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာစရအရှင်မြတ်က ကြီးမှူး၍ စတုတ္ထ အကြိမ်မြောက် ဗုဒ္ဓဒေသနာတော် ပရိတ်တော်များ အာဂုံဆောင် ရွတ်ဆို ပူဇော်မှုအကောင်းဆုံး ရွေးချယ်ယှဉ်ပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ ဝတ်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

(၄၁၆)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေး

အောင်မိုးစံ

ဒီကနေ့ ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားတို့ရဲ့ သမိုင်းပေးတာဝန်ဟာ ထာဝစဉ်ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ထူထောင်သွားရေးပင် ဖြစ်ပါတယ်။ ဒါကြောင့် အခုလို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားရမယ့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ပီပြင်စွာချမှတ်ထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ဟာ လွတ်လပ်ရေးကြိုးပမ်းစဉ်က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာတိုင်းရင်းသားခေါင်းဆောင်များ (တိုင်းရင်းသား ကိုယ်စားလှယ်များ) ပင်လုံမြေမှာ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးအတွက် အဓိဋ္ဌာန်ပြုကမ္ပည်းရေးထိုးခဲ့တဲ့နေ့ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ သူ့ကျွန်ဘဝအောက် ကျရောက်ခဲ့စဉ်ကလဲ အေးအတူပူအမျှ ဖြတ်သန်းခဲ့ရပြီး သူ့ကျွန်ဘဝအောက်က လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့စဉ်ကလဲ သေအတူ ရှင်မကွာ တိုက်ပွဲဝင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ် ကြုံလာပြန်တော့လဲ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ ကိုယ်တိုင် တပ်မတော်နဲ့ လက်တွဲကာကွယ်လာခဲ့ကြပါတယ်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး မြန်မာနိုင်ငံ ကျွန်စာရင်း အသွင်းခံလိုက်ရချိန်ကစလို့ ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်အချို့ရဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ပုံကို တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းမှာ အခုလို ဖော်ပြထားပါတယ်-

"ကယားတောင်တန်းတွင် စောလဖော်နှင့် ထွတ်လူ ခေါင်းဆောင်သော ကယားနှင့်ရှမ်းအမျိုးသားများတို့က တံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ ကချင်တောင်တန်းဘက်တွင် ဖုံကန်ဒူးဝါး၊ ဆမားဒူးဝါး၊ ဂရားဒူးဝါး၊ သမာဒူးဝါးနှင့်ဆဒုံးဒူးဝါးတို့ ဦးဆောင်သော ကချင်အမျိုးသားများ၊ ဗိုလ်ဖိုးစော၊ ဗိုလ်ထိတို့ ဦးဆောင်သော ဗမာ-ကချင် အမျိုးသားများ၊ ဦးခမ်းလှိုင်၊ စောရန်ပိုင်နှင့် ဦးအောင်မြတ် ခေါင်းဆောင်သော ရှမ်း-ဗမာ-ကချင်အမျိုးသားများက ဇာတိမာန်တက်ကြွစွာ ဗြိတိသျှတို့ကို တုံ့ပြန်တိုက်ခိုက်ခဲ့ကြသည်။ ချင်းတောင်တန်းနှင့် ချင်းတွင်းမြစ်ညာ ဝဲယာဒေသတွင် ရွှေဂျိုးဖြူမင်းသားနှင့် ကြွမ်ဘိခ်ဦးဆောင်သော ချင်းအမျိုးသားများ၊ ဦးကက်၊ ဦးပြားတို့ဦးဆောင်သော ရှမ်း-ဗမာအမျိုးသားများက ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ရှမ်းပြည်နယ်ဘက်တွင် မြင်းစိုင်းမင်းသား၊ လင်းပင်မင်းသား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွားတို့ ဦးဆောင်သော ရှမ်းအမျိုးသားများသည်လည်းကောင်း၊ 'ဝ'နယ်ဘက်တွင် စောမဟာ၊ နော်ခမ်းဦးတို့ဦးဆောင်သော 'ဝ'အမျိုးသားများသည်လည်းကောင်း တစ်သွေးတည်း၊ တစ်သားတည်းလက်တွဲ၍ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

တိုင်းရင်းသား တော်လှန်ရေးသမားများအနက်မှ စောလဖော်၊ ဝန်းသိုစော်ဘွား၊ ကြွမ်ဘိခ်နှင့် ကိုင်ထွာတို့အကြောင်း အနည်းငယ်မျှစီ ဖော်ပြလိုပေသည်။

ကန္တာရဝတီစော်ဘွား စောလဖော်သည် စောလုံမြို့ကို မိမိ၏ဌာနချုပ်အဖြစ်ထားရှိပြီး ဗြိတိသျှနယ်ချဲ့တို့အား ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ၁၈၈၆ ခုနှစ်မှ စတင်၍ ဗြိတိသျှတို့ထံ အညံ့ခံသူမှန်သမျှကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ရိုးသား၍ အေးဆေးစွာနေတတ်သူ ဖြစ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်ထက်မြက်သည်။ သို့ရာတွင် ၎င်းအပေါ် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ စော်ကားခြင်းပြုပါက မလွဲမသွေလက်တုံ့ပြန် ရန်မူတတ်သူဖြစ်ကြောင်း ရောင်းရင်းများက ပြောကြသည်။ ၁၈၉၁ ခုနှစ်တွင် ကောလင်းရှိ ဗြိတိသျှတို့၏ အခိုင်အမာစခန်းကို တိုက်ခဲ့ကြသည်။ ဝန်းသိုစော်ဘွားကြီး၏ စည်းစိမ်ဥစ္စာများအားလုံးကို ဗြိတိသျှအာဏာပိုင်တို့က သိမ်းပိုက်ခဲ့သော်လည်း စော်ဘွားကြီးသည် အညံ့မခံအရှုံးမပေးဘဲ ရဲဝံ့စွာ ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံးတွင် အင်အားမမျှသည့်အခါ လက်နက်ချ အညံ့မခံဘဲ ယူနန်နယ် ဆန်တာသို့ တိမ်းရှောင်ခဲ့ပေသည်။

ချင်းတောင်ဖလမ်းနယ်မှ ကြွမ်ဘိခ်သည် တာရှွန်းချင်းလူမျိုးတို့၏ ခေါင်းဆောင်ဖြစ်၏။ ပညာရှိပြီး ရဲရင့်သူကိုသာ ခေါင်းဆောင်အဖြစ် ရွေးချယ်လေ့ရှိသည့် ချင်းတို့၏ ဓလေ့ထုံးစံနှင့်အညီ ကြွမ်ဘိခ်သည် ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ ကြွမ်ဘိခ်သည် ချင်းတောင်ခြေတွင် ဗြိတိသျှ တပ်ဖွဲ့တစ်ဖွဲ့ နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရာ ချင်းမျိုးချစ်သုံးဦးကျဆုံးပြီး တစ်ဦး ပြင်းစွာ ဒဏ်ရာရခဲ့သည်။ သို့သော် ဗြိတိသျှတပ်ဖွဲ့ကိုမူ အနိုင်ရခဲ့သည်။ ကိုင်ထွာသည် မုဆိုးကျော်တစ်ဦးအဖြစ်လည်းကောင်း၊ တိုက်ခိုက်ရေး ထူးချွန်သူ အဖြစ်လည်းကောင်း ထင်ရှားခဲ့သည်။ ကိုင်ထွာသည် ဗြိတိသျှဆန့်ကျင်ရေး တိုက်ပွဲတွင် ရှေ့တန်းမှပါဝင်ခဲ့သည်။ ၎င်း၏ မိန့်ခွန်းများနှင့် သီချင်းများမှာ နယ်ချဲ့ဆန့်ကျင်ရေးသမားတို့အား အားတက်စေခဲ့သည်။ ကိုင်ထွာသည် သုံးနှစ်ခန့် ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။

အလားတူပင် တောင်ပေါ်မြေပြန့်မခြားတိုင်းရင်းသားတွေဟာလွတ်လပ်ရေးအတွက် ပြောင်မြောက်စွာ မျိုးဆက်လိုက် တိုက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားတို့ရဲ့ သူ့ကျွန်မခံ မျိုးချစ် ဇာတိမာန်နဲ့ ပတ်သက်လို့ မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းကြီးတွင် အခုလို ဖော်ပြခဲ့ပါတယ်-

"ဘူမိနက်သန်၊ မှန်လှထူးချွန်၊ ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကယား၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင် စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သင်္ချာပွားတက်၊ ရေတွက်ခြင်းငှာ၊ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး၊ ရှေးပဝေသဏီမှစ၍၊ တညီတညွတ်၊ တစုတရုံး လွတ်လပ်သောလူမျိုးအဖြစ် တည်ခဲ့ကြကုန်၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ထို့နောက် မန္တလေးအထိ ငါတို့လွတ်လပ်ရေးသည် နေရောင်အဝါ၊ ကဲ့ပမာသို့ တစ်ဖြာတဝင်းဝင်း၊ ကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏"။

ဒါကြောင့် မြန်မာပြည်ဖွား တိုင်းရင်းသားတို့ဟာ လွတ်လပ်ရေးရသည်အထိ ပြန်လည်တိုက်ပွဲဝင်ခဲ့ကြပြီး ပြည်ထောင်စုကြီးကို ထိန်းသိမ်းကာကွယ်လာခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာခဲ့တဲ့ အစိုးရအဆက်ဆက်တွင် တည်ဆဲတပ်မတော်အစိုးရဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေးမူဝါဒကြီး သုံးရပ်ကို ထာဝစဉ် ဦးထိပ်ထားပြီး တိုင်းရင်းသားလူမျိုးများနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ဦးစားပေး ဆောင်ရွက်လာခဲ့ပါတယ်။ တစ်ချိန်က ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသအချို့နဲ့ နယ်စပ်ဒေသဖွံ့ဖြိုးမှုတွေ နောက်ကျကျန်ခဲ့လို့လည်း ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်၏ ဒေသတစ်ခုနှင့်တစ်ခု ဆူကြိုနိမ့်မြင့် ကွာဟချက် နည်းနိုင်သမျှ နည်းစေရန် နယ်စပ်ဒေသများတွင်လည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း"** မိန့်ကြားခဲ့ပါတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၅-၅-၈၉ ရက်က အဖွဲ့ဝင် ငါးဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ [၄-၂-၂၀၀၃ ရက်နေ့ကစပြီး အဖွဲ့ဝင်၁၆ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်နေပြီလို့ သိရပါတယ်]။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)ဥက္ကဋ္ဌအဖြစ် ပါဝင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ ရက်နေ့မှာ ဖွဲ့စည်း ဆောင်ရွက်လာခဲ့ပါတယ်။ ဒါ့အပြင် လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်သွားနိုင်ဖို့ အတွက် ၃၀-၁-၉၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လာခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းဆောင်ရွက်လာမှုကြောင့် အစိုးရအဆက်ဆက်ကို နှစ်ကြာရှည်စွာ လက်နက်ကိုင်ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ကြပါတယ်။ ဒါဟာ ယခင်အစိုးရအဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးသမိုင်းဝင် အောင်မြင်မှုလည်း ဖြစ်ပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ဒေသတွေကတော့-

ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနဲ့ နာဂဒေသတို့ ဖြစ်ပါတယ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပြည်နယ် ခုနစ်ခု၊ တိုင်းနှစ်တိုင်းအတွင်းရှိ ဒေသ ၁၈ ခုရဲ့ အကျယ်အဝန်းဟာ ခန့်မှန်း ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီကနေ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများနေထိုင်တဲ့ ဒေသတွေမှာ တစ်မူထူးခြားစွာ ပြောင်းလဲတိုးတက်လာရုံမက နယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းလာတဲ့အတွက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို အထူးတလည် အောင်မြင်စွာဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါတယ်။ ဒီဒေသများသို့ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ လေ့လာသူများကို ဖိတ်ခေါ်ပြသနေပြီလည်းဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်အစိုးရဟာ မြို့ပြနဲ့ ကျေးလက်ကွာဟမှု လျော့နည်းသွားစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်ဟာ Infrastructure ဖြစ်တဲ့ အခြေခံစီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်လာမှုနဲ့အတူသာ Superstructure အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေးရာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးစတာတွေဟာ လိုက်ပါပြောင်းလဲလေ့ရှိတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားရမည့် မူဝါဒလုပ်ငန်းစဉ်ခုနစ်ရပ်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ထိုင်းနိုင်ငံ သံရုံးများအခြေစိုက် မူးယစ်ဆေးဝါးဆက်ဆံရေးအရာရှိများ၊ မူးယစ်ဆေးထိန်းချုပ်ရေးအဖွဲ့မှအရာရှိကြီးများ၊ UNODC ရုံးမှ အရာရှိများ ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး နိုင်ငံတကာသံရုံးများတွင် တွဲဖက်ထားသော မူးယစ်ဆေးဝါးဆက်ဆံရေး အရာရှိများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ရုံးမှ အရာရှိကြီးများသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်ရှိ ယောင်ခရွာ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် 'ဝ'ဒေသ ဘိန်းအစားထိုး ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများကို မယ်ဆိုင်၊ တာချီလိတ်မှတစ်ဆင့် နေ့ချင်းပြန် လာရောက်လေ့လာကြည့်ရှုကြသည်။

လေ့လာရေးအဖွဲ့အား မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်နှင့် တာချီလိတ်ခရိုင်မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်းတွင်နယ်စပ်တံတားမှ ကြိုဆိုကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ လွယ်ဆန်ဆုံဒေသရှိ ဘိန်းအစားထိုး စိုက်ပျိုးထားရှိသော ကော်ဖီဧက ၁၀၀၀ နှင့် ဂူးလုံလက်ဖက်ဧက ၄၀၀ ကို လေ့လာကြည့်ရှုရာ ဒေသခံ တိုင်းရင်းသား အဖွဲ့အစည်းမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မြန်မာ-ထိုင်း မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်နေသော ယောင်ခ ဘက်စုံဖွံ့ဖြိုးရေး စံပြကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ မူလတန်းကျောင်း၊ ဆေးရုံ ကျေးရွာ ရေရရှိရေး တူးမြောင်းတူးဖော်နေသော လုပ်ငန်းများ ကျေးရွာအတွင်း သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အသေးစိတ် လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် Doitung စီမံကိန်းမှ အမှုဆောင်ညွှန်ကြားရေးမှူးချုပ် Mr. Disnadda Diskul၊ UNODC ဒေသရုံးမှ ညွှန်ကြားရေးမှူး Mr. Akira Fujino၊ ထိုင်းမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Ms. Rasamee Vistavet၊ နိုင်ငံ ၁၈ နိုင်ငံမှ မူးယစ် ဆေးဝါး ဆက်ဆံရေးအရာရှိများ၊ DEA, INTERPOL မှ အရာရှိများ စုစုပေါင်း ၁၃၆ ဦး ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၉ ရက်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထူးချွန်ထက်မြက် ဆုပေးပွဲနှင့် ဘက်စုံသုံးပစ္စည်းများ လှူဒါန်းပွဲကို အမက(၁) စမ်းချောင်းတွင်ကျင်းပရာ ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီ ပြစက်တစ်စုံကို အလှူရှင် ဦးအောင်ထိုက်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးက လက်ခံရယူစဉ်။ (က-ပ)

စာမျက်နှာ ၉ မှ

များပြည့်စုံစွာ တာဝန်ပေးအပ်သွားရန် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ အာဟာရပြည့်ဝသည့်အားဖြည့် အစားအစာများ ပြည့်စုံမှန်ကန်စွာ စားသုံးနိုင်ရေးနှင့် တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများ ပုံမှန် စစ်ဆေးမှတ်တမ်းတင်နိုင်ရေးတို့အတွက် အသင်းလိုက်ဆရာဝန်များ တာဝန်ပေးအပ်သွားရန်စသည့် အစီအမံများ စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ညှိနှိုင်းစီစဉ်

ဘောလုံးအားကစားသမားမောင်မယ်များ အဆင့်အတန်း မြင့်မြင့်မားမားနှင့် နေထိုင်စားသောက်နိုင်စေရအောင် ဘောလုံးအားကစားကိုသာ စိတ်အေးချမ်းမြေ့စွာ အာရုံစူးစိုက်လေ့ကျင့်နိုင်စေရန်၊ နိုင်ငံတကာအဆင့်မီ အားကစား ဝတ်စုံများ၊ အားကစားနည်းစနစ်များ၊ အားကစားပစ္စည်း ကိရိယာများ ပြည့်ပြည့်စုံစုံ ရရှိသုံးစွဲလေ့ကျင့်နိုင်စေရန် အဘက်ဘက်က အားပေးထောက်ပံ့သွားရန်လည်းညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ဒီလို မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အောင်နိုင်မှုအရှိန်အဟုန်များ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် နိုင်ငံတော်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ စေတနာရှင် ပြည်သူများနဲ့ အားကစားဝါသနာရှင် ပြည်သူများ အားလုံးက တစ်ခဲနက်အားပေးချီးမြှောက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားမောင်မယ်များကလည်း စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စွာဖြင့် ဖွဲ့လုံ့လ ဝီရိယအပြည့်အဝထားရှိပြီး အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

တိုက်တွန်းမှာကြား

ယနေ့ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် အသက်(၁၈)နှစ်အောက် မြန်မာ့လူငယ်လက်ရွေးစင်ဘောလုံးအားကစားသမားများကလည်း မိမိတို့ထိုက်တန်စွာ စွမ်းဆောင်ရရှိခဲ့ပြီဖြစ်သည့် အောင်နိုင်မှု အရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာဘောလုံးပြိုင်ပွဲများမှာ ဆက်လက်ပြီး အောင်ပန်းအလီလီ ဆွတ်ခူးနိုင်ရန် မယုတ်မလျော့သော သန္နိဋ္ဌာန်စိတ်ဓာတ်၊ သံမဏိစိတ်ဓာတ်နှင့် အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြည်သူများ၏ တစ်ခဲနက်အားပေးမှု၊ ပြည်သူများ၏ ချစ်ခင်မှု၊ ပြည်သူများ၏ အားထားမျှော်လင့်မှုများ တိုးပွားသည်ထက်တိုးပွားလာစေရအောင် ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲတိုင်းမှာ အောင်နိုင်ခြင်းဆိုသည့် ကျေးဇူးတုံ့ပြန်မှုများဖြင့် ပြည်သူအများ၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်နိုင်ရန် ဆက်လက်ကြိုးစားသွားကြပါလို့ တစ်ဆက်တည်းမှာကြားလိုကြောင်း။

အမျိုးဂုဏ်မြှင့်တင်

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မိမိနိုင်ငံတော်နှင့် မိမိလူမျိုး၏ ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးခဲ့သည့် မြန်မာလူငယ်ဘောလုံးအသင်းနှင့် တကွ အားကစားသမားတစ်ဦးချင်းတို့ကို နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ရှေ့ဆက်ပြီး အောင်ပန်းအလီလီ ဆွတ်ခူးရင်းနိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးနိုင်ကြပါစေ လို့ ဆန္ဒပြုရင်းနိဂုံးချုပ် လိုက်ကြောင်းပြောကြားသွားသည်။

ချီးမြှင့်ငွေပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ခဲ့ကြသည့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်သည့် အားကစားသမားများနှင့် နည်းပြများအား တစ်ဦးလျှင် ငွေကျပ်၁၀သိန်းနှုန်း၊ အသင်းအုပ်ချုပ်သူနှင့် ဆရာဝန်တို့အား တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ်သိန်း၂၃၀ကို မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းမှ တစ်ဦးချင်းစီသို့ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက ဂုဏ်ပြုချီးမြှင့်ငွေ ဘတ် ၁၀၀၀၀ ကို နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမရက အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး သီဟသုဓမ္မသီင်္ဂီ သီရိသုဓမ္မသီင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ(လူမှုထူးချွန်ပထမဆင့်) ဒေါ်နန်းသန်းထွေးမိသားစုတို့ကိုယ်စားကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်နှင့်ဒါရိုက်တာဦးဝေယံအောင် တို့က အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအားအားကစားသမားများနှင့် နည်းပြများအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်း၊ အုပ်ချုပ်သူနှင့် ဆရာဝန်တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၁၅သိန်းကို အသင်းအုပ်ချုပ်သူအားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ထံ ပေးအပ်ချီးမြှင့်သည်။

ငွေလှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒဂုံအင်တာနေရှင်နယ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ်သိန်း ၁၀၀၊ တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ် သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ်သိန်း ၇၀၊ TMW Enterprise မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်က ငွေကျပ် ၃၀၆၀၀၀၀၊ Asia World Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၃၀၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ်သိန်း ၂၀၊ Myanmar Teak Wood Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က ငွေကျပ် ၁၅ သိန်း၊ Suntao Technology Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရဲဖုန်းလှိုင်က ငွေကျပ် ငါးသိန်းနှင့် ငွေကျပ် ကိုးသိန်း တန်ဖိုးရှိ Panasonic Video Camera တစ်လုံး၊ Fortune International Ltd. မန်နေဂျင်းဒါရိုက်တာဦးမြဟန်၊ ရတနာဝင်း(သုံးဆယ်)ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးခင်မြင့်၊ United Commercial Group Co.,Ltd., Myanmar Auto Mobile Group Co.,Ltd.နှင့်တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ငွေကျပ် ၁၀သိန်းစီ၊ Tokyo Pipe Co. ဥက္ကဋ္ဌဦးသိန်းဟန်နှင့် Benhur Trading Co. မန်နေဂျင်းဒါရိုက်တာ ဦးကျော်အောင်တို့က ငွေကျပ် ၅၂၀၀၀၀၊ ကျော်သာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာဦးဝင်းလွင်နှင့် Southern Metal Industry Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟိုတို့က ငွေ ကျပ် ၅၂၀၀၀၀၊ ယုဇနကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ မြတ်လှိုင်၊ Asia Express Co.,Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒူးယားစီးကရက်ရောင်းဝယ်ရေး၊ Central Development Group မှဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့က ငွေကျပ် ငါးသိန်းစီ၊ သိန်းသန်းစံ ကုမ္ပဏီလီမိတက်က ငွေကျပ် တစ်သိန်း၊ Asia Technology Group Ltd. က ငွေကျပ် တစ်သောင်းတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံယူကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဂုဏ်ပြုခံမြန်မာလူငယ်လက်ရွေးစင်ဘောလုံးအားကစားသမားများကိုယ်စား မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနောက်တန်းဘောလုံးသမားမောင်ဇော်ထက်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဘင်းမ်စတက်နိုင်ငံများ၏ ပထမအကြိမ်အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်း ယှဉ်ပြိုင်အောင်ပွဲဝင်ခဲ့မှုမှတ်တမ်း ဗီဒီယိုကိုပြသပြီးတက်ရောက်လာကြသူများအားညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလှူချီးမြှင့်

ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ရွှေပြည်ဟိန်းကျောင်း၌ တည်ဆောက်ဆဲ ဓမ္မသာလာကျောင်းတော်ကြီး၏ အမိုးအတွက် တာမွေလေး မင်္ဂလာလမ်းနေ ဒေါ်လှမြင့်(ရွှေဇင်ယော် ကြေးအိုးဆိုင်) မိသားစုက အလှူတော် ငွေကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၂၀ ရက်က ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသီရိလင်္ကာရထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

*** တရုတ်ကိုယ်စားလှယ်မှ**

တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် နိုင်ငံခြားရေးရာ ကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဘောဟိုင်၊ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် မစ္စတာ ယဲ့မေကျန်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် မစ္စစ် ယွန်ဆွေတုန်၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးချုပ် မစ္စတာ မာကျင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

စာရေးဆရာမကြီး ဒေါ်ဒဂုံခင်ခင်လေး၏နှစ်ပေါင်းတစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးစာရေးဆရာ ဒေါ်ဒဂုန်ခင်ခင်လေး၏ နှစ်ပေါင်းတစ်ရာပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံတွင် အမျိုးသမီးများထဲမှ ပထမဦးဆုံး ကာလပေါ်ဝတ္ထုများ စတင်ရေးသားခဲ့ပြီး ဗမာ့ခေတ်သတင်းစာတိုက်နှင့် ယုဝတီဂျာနယ်တို့ကို ဦးစီးတည်ထောင်ခဲ့သူ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးအတွက် နှစ်ပေါင်းတစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းမောင်(သန်းမောင်)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေအသိုင်းအဝိုင်းမှ စာပေပညာရှင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ယုဝတီမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားပြီး စာရေးဆရာမကြီး ဒေါ်စောမုံညင်း ရေးသားသော ရတုကဗျာကို အဆိုတော်ဒေါ်ရီရီသန့်က ဂုဏ်ပြုသီဆိုသည်။ ဆက်လက်၍ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာမကြီးဒေါ်ဒဂုန်ခင်ခင်လေး၏တူမ ဒေါ်တင်တင်မ၊ ဓာတ်မင်းသားကြီးဦးရဲစိန်၊ ယုဝတီကလောင်ရှင်များကိုယ်စား ယုဝတီရွှေဝါစိန်တို့က အသီးသီးဂုဏ်ပြု ဟောပြောကြပြီး အခမ်းအနားမှူး ဦးဝင်းငြိမ်းက ရပ်ဝေးမှပေးပို့လာသော သဝဏ်လွှာများကို ဖတ်ကြား၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့် (မောင်ဆုရှင်) က ဒေါ်ဒဂုန်ခင်ခင်လေး၏ဘဝကို ခြုံငုံသုံးသပ်ဂုဏ်ပြုပြောကြားကာ ယုဝတီသက်ကြီးစာပေပညာရှင်ကြီးများအား ယုဝတီမိသားစုက ကန်တော့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများ၏ ပထမအကြိမ် အသက်(၁၈)နှစ် အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် မြန်မာ လူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂုဏ်ပြုခံ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအားကစားများကိုယ်စား မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း နောက်တန်းဘောလုံးသမား မောင်ဇော်ထက်အောင်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဂုဏ်ပြုဆုချီးမြှင့်

ဖေဖော်ဝါရီ၁၃ ရက်က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ကျောင်းမိသားစုအုပ်စု (၁)ထူးချွန်ထက်မြက်ဆုပေးပွဲကို အထက(၁) စမ်းချောင်းတွင် ကျင်းပရာအမက(၁) စမ်းချောင်းမှ စတုတ္ထတန်း ဘက်စုံထူးချွန်ဆုရ မဆုကေရီအား ကျောင်းအုပ်ဆရာကြီးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

မိမိတာဝန်ကျရာမြို့နယ်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်၊ လိုအပ်သည်များ ဖြည့်ဆည်းပေး

ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းတောင်ပိုင်းခရိုင် သန်လျင်မြို့ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွှန့်မောင်စန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်က ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သည့် မြို့ပြလမ်းများ၊ တံတားများနှင့် ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးလက်လမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအစီအမံတို့ကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ကျောက်တန်း၊ တွံတေး၊ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်နှင့် ကိုကိုးကျွန်းမြို့နယ်များမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက သက်ဆိုင်ရာ မြို့နယ်များအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြို့များ မြို့ပြအင်္ဂါရပ်နှင့် လျော်ညီစွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ တံတားများနှင့်သန့်ရှင်းသပ်ရပ်သည့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် မြို့နယ်များရှိ ကျေးရွာများ၊ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်း၍ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘားအံမြို့ ဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံမြို့တွင်တည်ရှိသော ရှေးဟောင်းဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှေးဟောင်းဆဒ္ဒန်ဂူ ဘက်စုံပြုပြင်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အမှာစကားပြောကြားရာတွင် ဘက်စုံပြုပြင်တည်ဆောက် ရေးလုပ်ငန်းများကို ယခုနှစ် ဇွန်လအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်၊ ရှေးမူလက်ရာမပျက် ထိန်းသိမ်းတည်ဆောက်သွားရန် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူးယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင်များက ရှေးဟောင်း ဆဒ္ဒန်ဂူဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၀ ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြံခင်းမြို့နယ်တွင် ကွန်ချောင်းရေလှောင်တမံ ဆည်ရေဖြင့် ဝပ် ၁၅၀၀ လျှပ်စစ်မီးထွန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (လယ်ယာ/ဆည်မြောင်း)

ဟိုတယ်အခြေခံသင်တန်းများ ဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဗိုင်ယောက်ကန်တော်ကြီးဟိုတယ်ကုမ္ပဏီ လီမိတက်တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော ဟိုတယ်အခြေခံသင်တန်းများ ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် Hotel၊ Motel ၊Accounting သင်တန်း၊ ဧည့်ကြိုလုပ်ငန်းသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်းနှင့် Hotel Computer သင်တန်းများ သင်ကြားပို့ချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝိပ္ပလ္လာသ ၁၂ ပါး"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Principle of Semesation and Perception Perceptual Groupings Perceptual Conspary (ပထမနှစ်၊ စိတ်ပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း-၉)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"** (အပိုင်း-၃၀)
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘက်စုံဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွယ်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ နဝမ၊ သင်္ချာဘာသာ တတိယနှင့် ပခုက္ကူ ဦးအုန်းဖေ ပညာသင်ဆုရရှိသူ အထက(၃)တောင်ဥက္ကလာပမှ မအိမွန်ဝင်းအား ဆုချီးမြှင့်စဉ်။

(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စာမျက်နှာ ၇ မှ

နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ယနေ့နိုင်ငံကြီးအချို့အနေဖြင့် စစ်အင်အားသာလွန်မှု၊ နည်းပညာသာလွန်မှု၊ ဓနအင်အားသာလွန်မှုများကို အခွင့်ကောင်းယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များပေါ် အနိုင့်အထက်ပြုကျင့်နေမှုများ၊ ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားအားထုတ် လုပ်ဆောင်နေမှုများ၊ စစ်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နေခြင်းများကို ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များ၌ တွေ့မြင်နေကြရကြောင်း၊ အင်အားကြီးမားသည့်ရန်သူကို တွန်းလှန်ဖယ်ရှားရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိနေရန်လိုကြောင်း၊ ပြည်သူများ မျိုးချစ်စိတ်ဓာတ်မြင့်မားနေစေရန် ပြည်သူကိုစည်းရုံးနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ပြည်သူချစ်သောရဲတပ်ဖွဲ့ ဖြစ်ရေးအတွက် ပြည်သူကိုဦးထိပ်ထားပြီး ပြည်သူ့ဘက်က မားမားမတ်မတ်ရပ်တည်သွားရန် လိုအပ်ကြောင်း။

ရဲတပ်ရင်းများအနေနှင့် တပ်မတော်ကဲ့သို့ အရည်အချင်းငါးပါးနှင့်ပြည့်စုံအောင် တည်ဆောက်ပြီး ရဲတပ်ဖွဲ့၏ အစဉ်အလာ(၁၂)ရပ်ကို ထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့၏တာဝန်များသာမက နိုင်ငံတော်က ပေးအပ်လာမည့် မည်သည့်တာဝန်မျိုးကိုမဆို ထမ်းရွက်နိုင်အောင် အမြဲတမ်းလေ့ကျင့်နေပြီး မိမိတပ်ကို အမြဲတမ်းအသင့်ဖြစ်နေစေရန် စီမံဆောင်ရွက်ထားရန်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ကိုလိုနီ၏အမွေဆိုးအဖြစ် အမြစ်တွယ်ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ချမှတ်ထားသော မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်တို့ကို လက်တွေ့ကျင့်သုံးပြီး မြန်မာ့မြေပေါ်က လုံးဝပပျောက်သွားစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည်သာမက လူညွန့်တုံးသည်အထိ အန္တရာယ်အလွန်ကြီးမားသည်ကို ပြည်သူများအကြား ပညာပေးစည်းရုံးရန်နှင့် ပန်းတိုင်သစ်စီမံချက်နှင့်အတူ ဘိန်းအစားထိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဥပဒေအရအရေးယူ

ယနေ့အချိန်အခါတွင် လူမှောင်ခိုကူးမှုပြဿနာသည် ရှေ့တန်းသို့ ရောက်ရှိလာနေသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ထိရောက်သော အစီအမံများ ချမှတ်ပြီး ဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံမှာလည်း လူမှောင်ခိုကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်လိုသူများအား အရေးယူဆောင်ရွက်ရေးစီမံချက်များရေးဆွဲပြီး ဗဟိုကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းကာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ပညာပေးခြင်းလုပ်ငန်းများအပြင် ဥပဒေအရ အရေးယူခြင်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အရည်အချင်းပြည့်ဝပြီး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်ရေးအတွက် မိမိတို့ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ အတတ်နိုင်ဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း မိမိတို့၏ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး မိမိတပ်ဖွဲ့ကိုချစ်သည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်သည့်စိတ်၊ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသည့်စိတ်တို့ဖြင့် မိမိတို့၏ရည်မှန်းချက်များ အောင်မြင်အောင်၊ မိမိတို့၏ တာဝန်များ ကျေပွန်အောင် မိမိတို့ကိုယ်တိုင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန်က ရဲတပ်ရင်းများ၏ ဖွဲ့စည်းပုံနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်မှုအခြေအနေများ၊ ရဲတပ်ရင်းများအလိုက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေ၊ တပ်ရင်းအလိုက် သက်သာချောင်ချိရေးဆောင်ရွက်နိုင်မှုအခြေအနေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းက ၂၀၀၃ ခုနှစ် တတိယလေးလပတ် ကာလအတွင်း ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးဝင်းခိုင်က သင်တန်းကျောင်းနှင့်ပတ်သက်သည့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိသည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းဆောင်မှုဆိုင်ရာ ဆုများပေးအပ်ချီးမြှင့်ပွဲကိုကျင်းပရာ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က ရဲတပ်သားသစ်စုဆောင်းနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ပြုန်းတီးအင်အားထိန်းသိမ်းနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက မှုခင်းများဖော်ထုတ်တရားစွဲတင်နိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မှုခင်းဖြစ်ပွားမှုလျှော့ချနိုင်မှုဆုရ ရဲတပ်ဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စွမ်းရည်လေးရပ်ဆုရ ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတို့ကိုလည်းကောင်း ပထမ၊ ဒုတိယနှင့် တတိယဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု စနစ်ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုးတက်နေသည့် ခေတ်အချိန်အခါနှင့်အညီ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတိုးတက်စေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွဆောင်ရွက်ရန်နှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားဆောင်ရွက်သွားကြရေး၊ တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရေးနှင့် မိသားစုအလိုက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မော်လမြိုင်၌အမျိုးသမီးရေးရာအဖွဲ့ချုပ်လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ မော်လမြိုင်မြို့သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ အလုပ်အမှုဆောင်များနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒေါနဆောင်တွင် တွေ့ဆုံ၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ချုပ်၏တာဝန်ရှိသူများ၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များနှင့် အပြန်အလှန် မိတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က မွန်ပြည်နယ်သို့ ကွင်းဆင်းလာရောက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် အဖွဲ့ချုပ်၏ အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါ်ကြူကြူက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပုံတို့ကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြနှင့် ဒေါ်ရင်ရင်လေးတို့က အမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ လုပ်ငန်းအဖွဲ့ ၁၆ရပ်အနက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီတွင် မူလဖွဲ့စည်းထားပြီးဖြစ်သည့် လုပ်ငန်းအဖွဲ့ ၁၁ ရပ်တွင် မပါရှိသေးသည့် လုပ်ငန်းအဖွဲ့ငါးရပ်တို့၏ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်များက မရှင်းသည့်အချက်များ၊ သိရှိလိုသည့်အချက်များ မေးမြန်းကြသည်ကို ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၉၆၀ကျော် တက်ရောက်ကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့သို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လာရောက်ရခြင်းမှာ မွန်ပြည်နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှာ နိုင်ငံတော်က ဖွဲ့စည်းပေးထားသည့် ကော်မတီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၅၀ ဒသမ ၃ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည့် အလျောက် အမျိုးသမီးရေးရာကိစ္စများသည်ကြီးမားကျယ်ပြန့်လှသည့်အတွက် တစ်နိုင်ငံလုံး၏ အတိုင်းအတာဖြင့် ထိရောက်စွာလွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များရှိနေကြောင်း၊ သို့အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းတစ်ရပ် ဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍတိုးမြှင့်ပေးရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်ပေးရန်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ ချစ်မြတ်နိုး၍ တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ပေးရန်နှင့် ပြန်လည်ထူထောင်ပေးရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်စေရန်၊ အပြည်ပြည်ဆိုင်ရာ၊ဒေသဆိုင်ရာနှင့်ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်ခုနစ်ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးထုများအား အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် ပါဝင်လာစေရေးအတွက် မိမိတို့၏ ဆန္ဒသဘောထားအရသာ လျှောက်ထားကြရန် ဖြစ်ပြီး မဝင်မနေရ တိုက်တွန်းခြင်းမပြုလုပ်မိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်များကို သိရှိနားလည်ပြီး စိတ်ပါဝင်စားစွာဖြင့် အားကြိုးမာန်တက်၊ ဇာတိမာန်ထက်သန်သည့် ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးသည့် အမျိုးသမီးများဖြစ်လာစေရန် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဆောင်ပုဒ်ဖြစ်သော အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့နှင့်အညီ အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ ဒေါ်ကြူကြူက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ၊ တိုင်းနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအဆင့်ဆင့်တို့၏ဖွဲ့စည်းပုံနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ် လျှောက်ထားကြရာတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကိုလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပညာရေး၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ်လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ စည်းရုံးရေး၊ စည်းကမ်း ထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့်စီမံရေးရာ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာအလျောက်ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၄၅သိန်းတို့ကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်

အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်တို့သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တရင်းတနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရွှေစင်တိပိဋကဓရဆရာတော်(၃၆)နှစ်ပြည့်ဝိဇာတပူဇာနှင့် ရွှေစင်တိပိဋကကျောင်းတော်ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သားတပည့် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက တိပိဋက-နိကာယ သာသနာပြုဥပဋ္ဌာက အဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှုနာယကဆရာတော်များအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်းကွန်းတိပိဋကဓရ ဓမ္မနာဒရေအလှူတော်အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်တော်မူသော နဝမမြောက် ရွှေစင်တိပိဋကဓရဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော် (၃၆)နှစ်ပြည့်ဝိဇာတ မွေးနေ့ပူဇာမဟာမင်္ဂလာနှင့် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး အတွင်း၌ မန္တလေးမြို့မျက်ပါးရပ်နေ ကျောင်းဒါယကာကြီး ဦးသူတော်၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်စိန် (ရွှေစင်အကယ်ဒမီရွှေဆိုင်းနှင့်ရွှေသန့်လုပ်ငန်း) မိသားစုတို့ ဆောက်လုပ်လှူဒါန်းအပ်သော ရွှေစင်တိပိဋက ကျောင်းတော်ကြီးကို ရေစက်ချ အလှူတော်မင်္ဂလာပွဲတော်ကို ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီး အတွင်း၌ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက် (မတ် ၆ ရက်)စနေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်းသိရသည်။**(က-ပ)**

ဖေဖော်ဝါရီ ၁၉ ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှိုင်ဌေးက (၈)ရပ်ကွက်တွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၈၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ရာ ရပ်ကွက်ဥက္ကဋ္ဌဦးမြသန်း လက်ခံရယူစဉ်။ (က-ပ)

ဖေဖော်ဝါရီလထုတ် ယဉ်ကျေးမှုမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် ယဉ်ကျေးမှုမဂ္ဂဇင်းကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

နှောင်း၊မြင်းမူမောင်နိုင်မိုး၊မင်းမောင်နွယ်(မွန်ဌာနီ)၊သောင်းဝင်း(လှိုင်)၊မင်းရဲကျော်၊ မောင်ပြည့်စွမ်း(ပင်လယ်ဘူး)၊ မောင်ခိုင်နွယ်၊ ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာများ၊ ကထိကရဟန်း၊ ကြူနှာဆွေ၊ပါရဂူ၊ဆင်ဖြူကျွန်းအောင်သိန်း၊ တိုက်စိုး၊ ချစ်စံဝင်း၊ မင်းသျှင်အောင် (တွံတေး)၊ ဦးဝင်းနိုင် (သုတေသနအရာရှိ)၊ ရွှေခိုင်ကျော်(မြောက်ဦး)၊ တက္ကသိုလ်သျှင်သီရိ၊ ဖိုးအေး(မြန်မာ့အသံ)၊ ခင်မောင်လတ်၊ မြမြင့်အောင်၊ တင်ထွန်းအောင်၊ပန်းချီထူးလှ၊သန်းထွန်း(စကု)၊ သုတေသီဒေါက်တာစိုးလင်း၊ မောင်ဗိမာန်၊စိန်သန်း(မန်းတက္ကသိုလ်)၊ မြင့်သိန်း (သုတေသန)၊ မောင်ဇေယျာ၊ စန္ဒာဝင်း၊ ခင်အေး(စက်မှု)၊ မြတ်လေးမြင့်၊ ကိုကိုညွန့်မင်းရွှေနွဲ့နွဲ့ဦး၊ နန်းခင်ဝင်းမော်၊ သျှင်ထွေးယဉ် (မနုဿ)၊ ညွန့်ညွန့်ရီ၊ ခင်ငြိမ်းဆွေ၊ နှင်းနှင်းဌေးရီ၊ မျိုးမင်းကျော်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊မြင့်တင်၊ဦးသန်းညွန့်(ထားဝယ်)၊ ကွမ်းခြံမြေ မောင်မောင်သိန်းတို့၏ ဆောင်းပါးများ၊ ပျဉ်းမနားမြင့်လှိုင်၊ ယုဝတီခင်စိန်လှိုင်၊ရွှေခြံဆွေဦး၊ မသန်းလွင်(ဟဲဟိုး)၊ လဝန်းနီ၊ ကိုမျိုး(ဇလပ်မြေ)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် သူရိန်ဝင်း(ဓနိကုန်း)၏ ဗုဒ္ဓစာဥယျာဉ်တို့နှင့်အတူ ကဗျာ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ စာအုပ်ဆိုင်ကြီး များနှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပတ္တမြားနဂါးက တံခွန်ကိုအနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပတ္တမြားနဂါးအသင်းက တံခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပတ္တမြားနဂါးအသင်းအတွက်ပထမဂိုးကို ၅၄မိနစ်တွင် ခင်မောင်ငြိမ်းက သွင်းယူပေးသည်။ တံခွန်အသင်းအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ကျော်သက်ဦးကသွင်းယူသည်။ပတ္တမြားနဂါးအသင်းအတွက် ဒုတိယဂိုး (အနိုင်ဂိုး)ကို ၈၅ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် စိန်သောင်းက တိုက်ရိုက် ကန်သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ပတ္တမြားနဂါးအသင်းမှ ဂိုးသမား မျိုးလွင်ဦးက ရရှိသည်။

ယနေ့ပွဲစဉ်အပြီးတွင်တံခွန်အသင်းက ကိုးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံး ရှစ်မှတ်ဖြင့် အဆင့်(၁၀)၌ ရပ်တည်နေသည်။ပတ္တမြားနဂါးအသင်းက ကိုးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးခုနစ်မှတ်ဖြင့် အဆင့်(၁၂)၌ ရပ်တည်နေသည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် အမက(၁၀) မိဘဆရာအသင်း၏ ၂၀၀၂-၂၀၀၃ ခုနှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူက တတိယတန်းမှ ဘက်စုံပညာထူးချွန်ဆုရသူ မဇင်ဇင်ဝေအား ဂုဏ်ပြုချီးမြှင့်စဉ်။ (၁၂၉)

ကုသိုလ်မင်္ဂလာအဖြာဖြာ တိုးပွားစေသည့် ရန်ကုန်တိုင်း မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇမ္ဗူ ဦးသျှောင်မြတ်ဘုန်းခေါင် စေတီတော်များ ရွှေထီးတော်တင်လှူပွဲကြီးအား ကြိုဆိုပူဇော်သောအားဖြင့် Azada Art Myanmar မှ **မန္တလေးသိန်းဇော်၏ မြတ်ဆုမွန်ဆံတော်ရှင် ဓမ္မပူဇာတေး** VCD ကို ၁၅ ရက်တိုင်တိုင် အထူးနှုန်းဖြင့် ဖြန့်ချိရောင်းချပေးမည့်အစီအစဉ်-

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်မှ စ၍ မတ်လ ၇ ရက်အထိ မြတ်ဆုမွန် VCD ၊ Karaoke ကိုမူရင်းအပြင်အဆင်၊ မူရင်းအရည်အသွေးအတိုင်း ဖော်ပြပါအထူးနှုန်းထားများဖြင့် Azada မှ တရားဝင် ဖြန့်ချိပေးပါမည်။

လက်လီ – ကျပ်၁၂၀၀ (တစ်ချပ်လျှင်)
လက်ကား – ကျပ်၁၁၀၀ (တစ်ချပ်လျှင်)

Azada Art Myanmar
Art Production, Distribution
& Art Gallery
No 199,First Floor,
34 th Street,Kyauktada,
Phone;371900, 285860

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၁၁၈/စီ)နေ
ဦးဝင်းသိန်း-ဒေါ်ညွန့်ညွန့်ရီ(Director, Cho Cho Industry Ltd.)တို့၏
တစ်ဦးတည်းသောသား

မောင်ဝေဖြိုး

(Bachelor of Science in Business Administration), USA
Managing Director (Cho Cho Co., Ltd., Yathar Cho Co., Ltd.,
Yathar Cho Industry Ltd., Cho Cho Industry Ltd.)

နှင့်

၇/ခ၊ ဦးကျော်လှလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ
Dr. ရှိန်မြင့် (Raymond) Assistant Audiologist, South Auckland
Health Care (Manukau Super Clinic)-ဒေါ်ခင်မြတ်ခိုင်(Dolly)တို့၏
သမီးဦး

မယုမွန်

B.Tech (Biomedical Science)
1 st Class Honours Ph. D (Molecular Medicine and Pathology) Thesis
Auckland University, New Zealand

တို့သည် ၂၁-၂-၂၀၀၄ရက်တွင် Traders Hotel (Myanmar Ballroom) ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝေဖြိုး-မယုမွန်။

ဇိနမာန်အောင်စေတီတော် ထီးတော်တင်လှူပွဲကျင်းပမည်

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၈

သံဖြူဇရပ်မြို့နယ် ကျိုက္ကမီမြို့ သမိုင်းဝင် ဆုတောင်းပြည့်ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ကုန်းတော်ပေါ်ရှိ ဇိနမာန်အောင်စေတီတော် ထီးတော်တင်ပွဲကို မတ်၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ထီးတော်တင်ပွဲကို ရေလယ်ဘုရား ဦးစီးနာယက ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ကျင်းပရေးဦးစီးနာယက ဗိုလ်မှူးကြီးခင်မောင်စိုး၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်၊ အဖွဲ့ဝင် ဦးသန်းတင့်တို့ကကြီးမှူး၍ ထီးတော်ကို မတ် ၂ ရက်တွင် ကျိုက္ခမီမြို့တွင်း သို့ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ခြင်းကို ခံယူတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ခင်ဦး ဖေဖော်ဝါရီ ၁၆

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၆ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးစန်းဦးက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုရှင်းလင်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု ပြင်ဦးလွင်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇

(၅၇)နှစ်မြောက် ပြည်ထောင်စု နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်စံပြကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကတ္တရာလမ်းမုခ်ဦးတွင် ကျင်းပသည်။

ထို့နောက် လမ်းသစ်ကို ဗိုလ်မှူးချုပ် မင်းအောင်လှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကတ္တရာလမ်းတစ်လျှောက် ကြည့်ရှုကြသည်။ **(အောက်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ပံ့ပိုးငွေကျပ်ငါးသိန်း၊ ကျေးရွာပြည်သူတို့၏ထည့်ဝင်ငွေတို့ဖြင့် လမ်းအရှည် ၉၃၈၅ပေ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ခေါဇာ-ကျောက်အိုင် ကားလမ်းသစ်ဖွင့်

ရေး ဖေဖော်ဝါရီ ၁၇

ရေးမြို့နယ်(တောင်ပိုင်း)ခေါဇာကျေးရွာအုပ်စု၊ ခေါဇာ-ကျောက်အိုင်ကားလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခေါဇာကျေးရွာဥက္ကဋ္ဌ ဦးငယ်နှင့် ကျောက်အိုင်ကျေးရွာဥက္ကဋ္ဌ ဦးတောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကားလမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၈ ပေ၊ မြေသားလမ်းဖြစ်ပြီး တံတားလေးခု ပါရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် မြို့ပြပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဖြစ်သော ဘုရားကြီးလမ်း မှတ်တိုင်လမ်း တစ်လျှောက်နှင့်လမ်းဆုံမှ ဘွဲ့ပင်ကန်ရပ်ကွက်၊ မှတ်တိုင်နှင့် အတွင်းလမ်းဆုံအထိ ဖာထေးပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် ဒုတိယ လက်ထောက်အင်ဂျင်နီယာ ဒေါ်နီနီလွင်တို့က ဆောင်ရွက်ကြစဉ်။ (၄၀၃)

ပညာရည်ချွန်ဆုချီးမြှင့်

ချောင်းဆုံ ဖေဖော်ဝါရီ ၁၆

ချောင်းဆုံမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၄ ရက်က မြို့နယ်အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူတို့က တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အစီအစဉ်အရ ပညာသင်နှစ်ဘက်စုံထူးချွန်ဆုရရှိသော ကျောင်းသူကျောင်းသားများ၊ ပြည်နယ်၊ မြို့နယ်အဆင့်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၉၂ ဦး နှင့် ဂုဏ်ထူးရရှိ အောင်သင်ကြားပေးသော ဆရာဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေနံချောင်းတွင်မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြ

ရေနံချောင်း ဖေဖော်ဝါရီ ၁၇

ရေနံချောင်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၃ ရက်က ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးတို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့ရေနံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ **(အောက်ပုံ)** မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ၂၅ ရက်က အိမ်မဲမြို့နယ် ရေသိုးညောင်ပိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ခန်းမတွင်ကျောင်းသားကျောင်းသူဟောင်းများက အဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲနှင့် ရွှေရတုအခမ်းအနားကျင်းပစဉ်။ **(မြို့နယ် ပြန်/ဆက်)**

ကဗျာရွတ်၊ ပုံပြော၊ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်

ဆင်ဖြူကျွန်း ဖေဖော်ဝါရီ ၁၆

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ လူမှုဝန်ထမ်းဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုနေ့ကလေးထိန်းကျောင်းနှင့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ်ကလေးများ ကဗျာရွတ်၊ ပုံပြော၊ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ဒေါ်စိန်မြက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ သဘာပတိ ဦးမောင်မောင်အေးက အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောနွယ်မြင့်က ကျောင်း၏ တစ်နှစ်တာ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆေးရုံအုပ် ဒေါက်တာ ဥမ္မာအေး၊ ဦးသိန်းထွန်းလတ်-ဒေါ်မာလာနှင်း၊ဦးနှင်းအောင်-ဒေါ်ခင်မာကြူတို့နှင့် စေတနာရှင်များက ကျောင်းအတွက် ပစ္စည်းနှင့် အလှူငွေများပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက်ကျောင်းအုပ်ဆရာမကြီးက ဆုရကလေးများအား ဆုများချီးမြှင့်ကြောင်းသိရသည်။ **(က-ပ)**

ကလေးမြို့တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ကလေး ဖေဖော်ဝါရီ ၁၇

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့ ညောင်ပင်သာရပ်ကွက် ပတ္တမြားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က လမ်းသစ်မုခ်ဦးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကလေးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်၊ ကလေးမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မန္တလေးတိုင်း တံတားဦးမြို့နယ် ပင်းယမြို့ဟောင်း စကားအင်းကျေးရွာအနီးရှိ အင်းဝဘုရင်မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံစေတီတော်၏ တောင်ဘက် ရင်ပြင်တော်ပေါ်ရှိ ပြိုကျနေသော အုတ်ကျိုးနှင့် မြေစာများအတွင်းမှ ငွေဖောင်းကြွဆင်းတုတော်နှစ်ဆူနှင့် ကြေးဆင်းတုတော်လေးဆူ စုစုပေါင်းခြောက်ဆူကို ထပ်မံဖူးတွေ့ရစဉ်။ (ယဉ်ကျေးမှု)

အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော်များ ပင်းယမြို့ဟောင်းစေတီပျက်မှ ထပ်မံတွေ့ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်း တံတားဦးမြို့နယ် ပင်းယမြို့ဟောင်း စကားအင်းကျေးရွာအနီးရှိ အင်းဝဘုရင်မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံစေတီတော်ကြီး ပြိုကျပျက်စီးနေမှုကို ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ(မန္တလေး)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးလှကြီးမောင်မောင် ဦးဆောင်သည့်အဖွဲ့က ၂၀၀၃ခုနှစ် ဒီဇင်ဘာ ဒုတိယအပတ်မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၂ ရက်အထိ လုပ်ငန်းကာလအတွင်း အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော် ၂၂ဆူ တွေ့ရှိခဲ့ပြီးဖြစ်သည်။

ထို့နောက် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် တောင်ဘက်ပစ္စယာနှင့် နတ်လမ်းလှေကားထောင့်၌ ရှေးဟောင်းဆင်းတုတော်လေးဆူ ထပ်မံတူးဖော်ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် စေတီတော်၏ တောင်ဘက် ရင်ပြင်တော်ပေါ်ရှိ ပြိုကျနေသောအုတ်ကျိုးနှင့် မြေစာများ အတွင်းမှ ငွေဖောင်းကြွဆင်းတုတော်နှစ်ဆူနှင့် ကြေးဆင်းတုတော်လေးဆူ စုစုပေါင်းခြောက်ဆူ ထပ်မံတွေ့ရှိခဲ့သည်။ ရှေးဟောင်းသမိုင်းဝင် အောင်စည်းခုံစေတီတော် ပြန်လည်တူးဖော်ရာမှ ယနေ့အထိ ဌာပနာ ဗုဒ္ဓရုပ်ပွားတော် ၃၂ဆူ ရရှိထားပြီးဖြစ်ရာ တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အထက (၁) ဘက်စုံပညာထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၏ ဘက်စုံပညာရည်ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်နေ့က မြရောခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အလှူရှင်များက ကျောင်းဘက်စုံ ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းတွင် Internet e-mailတပ်ဆင်အသုံး ပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းကြ ရာ ရုပ်ရှင်နှင့် ကြော်ငြာ ဗီဒီယိုသရုပ်ဆောင် နှင်းဝတ်ရည်သောင်း၊ အေးဝတ်ရည်သောင်း ညီအစ်မနှစ်ဦးတို့က လှူဒါန်းငွေကျပ် ၁၀၀၀၀၀**(ယာအောက်ပုံ)**၊အထက(၁) ကျောင်းသားဟောင်းများက လှူဒါန်းငွေကျပ်၁၃၀၀၀၀၊ နာယက ဗိုလ်မှူးသန်းဦး–ဒေါ်သီသီအောင် (အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ)တို့က လှူဒါန်းငွေကျပ် ၂၀၀၀၀၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းကြိုင်က လှူဒါန်းငွေကျပ် ၅၀၀၀၊ ကျောင်းဈေးဆိုင်ခန်းများက လှူဒါန်းငွေကျပ် ၇၀၀၀၀၊ ဦးသိန်းလွင် (တွဲဖက်အတွင်းရေးမှူး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)က လှူဒါန်းငွေ ကျပ် ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် ဘက်စုံပညာရည်ချွန်ဆုရ ကျောင်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။ **(၃၆၃)**

ကောလင်း အထက ပညာရေးစုံညီကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမဆောင်တွင် ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် အားကစား ထူးချွန်သူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ရက်က ကျင်းပသည်။

အခမ်းအနားတွင် ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ်တွင် စာပေ ထူးချွန်သူများ၊ အားကစားထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ကျောင်းသူ ကျောင်းသားများက အကပဒေသာများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။ **(၀၂၆)**

နွားထိုးကြီး အထက ပညာရေးစုံညီပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နွားထိုးကြီးမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၁၅ရက်က ကျောင်းဝင်းအတွင်းကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီ နှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆု၊အားကစားထူးချွန်ဆုနှင့်ဘက်စုံထူးချွန်ဆုရရှိသောကျောင်းသားကျောင်းသူများအားဆုများ ချီးမြှင့်သည်။ **(၂၁၃)**

တပ်မတော်မှအသုံးမလိုတော့သည့်ပစ္စည်းများအား အောက်ပါအတိုင်းလေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်

ပယန(မန္တလေး)

၈–၃–၂၀၀၄ မှ ၁၂–၃–၂၀၀၄ ထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ယတရ(၂)	မြစ်ငယ်	စက်ယန္တရား
(ခ)	စအရ(၉၁၀)	မန္တလေး	စက်ယန္တရား
(ဂ)	ဆလအခွဲ(၉၆၇)	မိတ္ထီလာ	စက်ယန္တရား
(ဃ)	ရထပ(၁)	မိတ္ထီလာ	ထုတ်ပိုးခွံ
(င)	ထပရ(၁၂၁)	မန္တလေး	ထုတ်ပိုးခွံ
(စ)	ထပရ(၂၂၂)	ရွှေညောင်	ထုတ်ပိုးခွံ
(ဆ)	ထပရ(၇၂၇)	မြစ်ကြီးနား	ထုတ်ပိုးခွံ
(ဇ)	ထပရ(၉၂၉)	မုံရွာ	ထုတ်ပိုးခွံ
(ဈ)	ထပရ(၉၃၁)	နမ့်စန်	ထုတ်ပိုးခွံ
(ည)	ထပရ(၉၃၃)	ဖန်းမော်	ထုတ်ပိုးခွံ
(ဋ)	ပယန(မန္တလေး)	မန္တလေး	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်
(ဌ)	ပပန(မန္တလေး)	မန္တလေး	ယာဉ်အပိုပစ္စည်း၊ တာယာ၊ ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ

ပယန(မင်္ဂလာဒုံ)

၁၅–၃–၂၀၀၄ မှ ၁၉–၃–၂၀၀၄ ထိ

စဉ်	ပစ္စည်းရှိရာတပ်	နေရာ	ပစ္စည်းအမျိုးအစား
(က)	ရပတ	သန်လျက်စွန်း	ရေယာဉ်ပစ္စည်း
(ခ)	ကပစ(၆)	သောင်ချောင်းတောက်	စက်ပစ္စည်း
(ဂ)	မစပ	ရန်ကုန်	စက်ပစ္စည်း
(ဃ)	ခယလ	အင်းတကော်	စက်ယန္တရား
(င)	ပထအ(၉၈၁)	မင်္ဂလာဒုံ	စက်ယန္တရား
(စ)	စအရ(၉၀၄)	မော်လမြိုင်	စက်ယန္တရား
(ဆ)	စအရ(၉၀၇)	ပုသိမ်	စက်ယန္တရား
(ဇ)	စအရ(၉၁၅)	မြိုင်ကလေး	စက်ယန္တရား
(ဈ)	စအရ(၉၁၈)	မြိတ်	စက်ယန္တရား
(ည)	ဆလအခွဲ(၉၄၆)	အမ်း	စက်ယန္တရား
(ဋ)	ဆလအခွဲ(၉၆၀)	မင်္ဂလာဒုံ	စက်ယန္တရား
(ဌ)	ဘလမ(၁)	မြိုင်ကလေး	စက်ယန္တရား၊ ပီပီအတ်ခွံ
(ဍ)	ထပရ(၃၂၃)	မင်္ဂလာဒုံ	ထုတ်ပိုးခွံ
(ဎ)	ထပရ(၄၂၄)	ပုသိမ်	ထုတ်ပိုးခွံ
(ဏ)	ထပရ(၅၂၅)	မော်လမြိုင်	ထုတ်ပိုးခွံ
(တ)	ထပရ(၉၃၀)	တောင်ငူ	ထုတ်ပိုးခွံ
(ထ)	ထပရ(၉၃၅)	ဘားအံ	ထုတ်ပိုးခွံ
(ဒ)	ပယန(မင်္ဂလာဒုံ)	မင်္ဂလာဒုံ	စက်ဘီး၊ ဆိုင်ကယ်၊ ယာဉ်
(ဓ)	ပပန(အင်းတိုင်)	အင်းတိုင်	ယာဉ်အပိုပစ္စည်း၊ တာယာ၊ကျွတ်၊ ဘက်ထရီ၊ ရုံးသုံးစက်ကိရိယာ

ပစ္စည်းများအား ၂၃–၂–၂၀၀၄ မှ ၄–၃–၂၀၀၄ ထိရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်





ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒုပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ (၁)

မြဝတီခရိုင်တရားရုံး

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁

ဦးထွန်းလွင်ဦး	**နှင့်**	ဦးတင်မြင့်
က/၁၅၊ ဂန့်ဂေါလမ်း		ဏ/၄၅၊ ငွေတိုးလမ်း
အမှတ် (၁) ရပ်ကွက်၊		အမှတ် (၅) ရပ်ကွက်
မြဝတီမြို့		မြဝတီမြို့
တရားလို		**တရားပြိုင်**

တရားပြိုင် ဦးတင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်ပေါ်၌ မြဝတီမြို့ အမှတ် (၁) ရပ်ကွက်၊ ဂန့်ဂေါလမ်း၊ အိမ်အမှတ် (က/၁၅)နေ တရားလို ဦးထွန်းလွင်ဦးက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၁၂)အရ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးပါရန်နှင့် မြေကွက်သက်သက် လက်ရောက်ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၁ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်) (တနင်္လာနေ့) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးသောင်းမြင့် (တ/၁၂၄၄)
B.A(Law),LL.B, D.M.L,D.B.L,Advocate
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး၊ ကရင်ပြည်နယ်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရေနီအမှတ်(၂)စက္ကူစက်ရုံရှိ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများသည် ၈–၃–၂၀၀၄ ရက် နောက်ဆုံးထားပြီး တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(က)	ကော့စတစ်ပုံးခွံဟောင်း	၅၀၀၀ လုံး
(ခ)	ငါးဂါလန်ဝင် ပလတ်စတစ်ပုံးပြာ	၅၀၀ လုံး
(ဂ)	တာယာဟောင်း အရွယ်စုံ	၁၅၀ လုံး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ရေနီအမှတ်(၂) စက္ကူစက်ရုံ ပစ္စည်းစီမံရေးဌာနတွင် ၂၃–၂–၂၀၀၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

ရေနီအမှတ်(၂)စက္ကူစက်ရုံ

ကန့်ကွက်ကြေညာခြင်း

ဒဂုံမြို့သစ်တောင်ပိုင်း၊မြေတိုင်းရပ်ကွက် ၁၇/၅၄ အမည်ပေါက် ဒေါ်ခင်ရီနှင့် ၁၇/၆၃ အမည်ပေါက် ဦးမြင့်ထွေးတို့မှတစ်ဆင့် ဝယ်ယူထားသော ပါမစ်မူရင်းများမှာ ပျောက်ဆုံး သွားပါသဖြင့် ပါမစ်မိတ္တူ လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်း လက်ဝယ်ရှိသူအား အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးရွှေတိုး
အမှတ် ၇၁၊ ပဲခူးမြစ်လမ်း
ဒဂုံ(ဆိပ်ကမ်း)မြို့နယ်



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ဖြိုးဝေအောင်(ခ)မျိုးလေး၁၂/ဒဂမ (နိုင်)၀၁၃၅၅၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ၁၅–၂–၂၀၀၄ရက်တွင် မိမိသဘောအလျှောက်နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သောကိစ္စလုံးဝတာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးမော်ဟန် ၁၂/သဃက(နိုင်) ၀၂၄၁၀၅
ဒေါ်ကော်စီလာ MMO–၂၆၉၆၄၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်နှင့်ပေါင်းစည်းဆက်သွယ်ထားသောလားရှိုးဒီဂရီကောလိပ်မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ တတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစီအစဉ်အတိုင်းတက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈–၂–၂၀၀၄) အစီအစဉ်
အပိုင်း–၁ နံနက်ပိုင်း၊ နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ မြန်မာစာအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ ပထဝီဝင်အထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃ပ–၁)မှ (၃ပ–၆၅)
သိပ္ပံဘွဲ့ ရူပဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃ဂပ–၁) မှ (၃ဂပ–၁၃၇)

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈–၂–၂၀၀၄)အစီအစဉ်
အပိုင်း–၂ နေ့လယ်ပိုင်း (၁၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ ပထဝီအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ်(၃ပ–၆၆)နှင့်အထက်
သိပ္ပံဘွဲ့ ဓာတုဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃ခ–၁)မှ(၃ခ–၁၁၉)
သိပ္ပံဘွဲ့ ရူပဗေဒအထူးပြု ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃ဂပ–၁၃၈)နှင့်အထက်

ဘွဲ့နှင်းသဘင် ပထမနေ့ (၂၈–၂–၂၀၀၄) အစီအစဉ်
အပိုင်း–၃ မွန်းလွဲပိုင်း (၃:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ E.O.P ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့ ဓာတုဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃ခ–၁၂၀)နှင့်အထက်
သိပ္ပံဘွဲ့ သင်္ချာအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃သခ–၁) မှ(၃သခ–၁၃၄)

ပထမနေ့ (နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ မွန်းလွဲပိုင်း)အစမ်းလေ့ကျင့်ရက် (၂၇–၂–၂၀၀၄) နံနက် (၉:၀၀)နာရီ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉–၂–၂၀၀၄) အစီအစဉ်
အပိုင်း–၄ နံနက်ပိုင်း၊ နံနက် (၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ သမိုင်းအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ ဒဿနိကဗေဒအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ မနုဿဗေဒအထူးပြုအားလုံး၊ ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့ သင်္ချာအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ်(၃သခ–၁၃၅)နှင့်အထက်
သိပ္ပံဘွဲ့ သတ္တဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ် (၃သတ–၁)မှ(၃သတ–၉၇)

ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၂၉–၂–၂၀၀၄) အစီအစဉ်
အပိုင်း–၅ နေ့လယ်ပိုင်း (၁၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ အရှေ့တိုင်းပညာအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ စိတ်ပညာအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
ဝိဇ္ဇာဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာ ရတနာပုံတက္ကသိုလ်
အထူးပြုအားလုံး
သိပ္ပံဘွဲ့ သတ္တဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ်(၃သတ–၉၈)နှင့်အထက်
သိပ္ပံဘွဲ့ ရုက္ခဗေဒအထူးပြု၊ ရတနာပုံတက္ကသိုလ်
ခုံအမှတ်(၃ဂခ–၁)မှ(၃ဂခ–၉၀)

ဘွဲ့နှင်းသဘင် ဒုတိယနေ့(၂၉–၂–၂၀၀၄) အစီအစဉ်
အပိုင်း–၆ မွန်းလွဲပိုင်း (၃:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ မြန်မာစာအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့ ပထဝီဝင်အထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
ဝိဇ္ဇာဘွဲ့ သမိုင်းအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ ဓာတုဗေဒအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ ရူပဗေဒအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ သင်္ချာအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ သတ္တဗေဒအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ ရုက္ခဗေဒအထူးပြုအားလုံး လားရှိုးဒီဂရီကောလိပ်
သိပ္ပံဘွဲ့ ရုက္ခဗေဒအထူးပြု၊ ရတနာတက္ကသိုလ်
ခုံအမှတ် (၃ဂခ–၉၁)နှင့်အထက်
သိပ္ပံဘွဲ့ ဘူမိဗေဒအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်
သိပ္ပံဘွဲ့ ကုန်ထုတ်ဓာတုဗေဒအထူးပြုအားလုံး ရတနာပုံတက္ကသိုလ်

ဒုတိယနေ့(နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်ရက် (၂၇–၂–၂၀၀၄) မွန်းလွဲပိုင်း(၂:၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့် သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင် တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင် ကျင်းပရက်	**ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက်**	**တက်ရောက်ခွင့်ပြု လက်မှတ်/ဧည့် လက်မှတ်များ ထုတ်ပေးမည့်ရက်**
၂၈–၂–၂၀၀၄	၂၅–၂–၂၀၀၄	၂၅–၂–၂၀၀၄
၂၉–၂–၂၀၀၄	၂၆–၂–၂၀၀၄	၂၆–၂–၂၀၀၄

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဝင်းမောင်
(မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်

ရက်စွဲ–၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်

မကွေးမြို့ မြသလွန်စေတီတော်ရွှေမိုက်ဈေးပြိုင်ရောင်းချပွဲ

မကွေးမြို့၊ မြသလွန်စေတီတော်မြတ်ကြီးကို (၁၀)နှစ်တစ်ကြိမ် စေတီတော်လုံးပြည့် ရွှေသင်္ကန်းတော်များ ကပ်လှူပြီးစီးပြီဖြစ်ပါသည်။ စေတီတော်မြတ်ကြီးတွင် ကပ်လှူသုံးစွဲခဲ့သည့်(၂ လက်မ X ၂လက်မ) ရွှေဆိုင်းပေါင်း (၆၆၀၀)၏ ရွှေလှောင်စက္ကူများ၊ ရွှေပွတ်အဝတ်များ၊ တို့ဖတ်ဂွမ်းများနှင့် (၁၀)နှစ်စာ ရွှေမိုက်ကန်တို့ကို မျက်မြင်အခြေအနေ အတိုင်း (၁၆–၃–၂၀၀၄) ရက်၊ မွန်းလွဲ (၁)နာရီတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်ရောင်းချမည် ဖြစ်ကြောင်း ကြေညာပါသည်။

မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မကွေးမြို့
ဖုန်း–၀၆၃–၂၃၀၄၄



နှစ်ချုပ်ငှားမည် ကမာရွတ်လမ်းဆုံ၊ အနော်ရထာအိမ်ရာ အင်းစိန်လမ်းမ မျက်နှာစာ (၃)ထပ် နှစ်လှာ ၁၅၀၀ စပေ၊ 1MB, 2BR+3WC & Bath. ဧည့်ခန်းအဆင့်မြင့်ပြင်ပြီး၊ တယ်လီဖုန်းပါ။
ညှိနှိုင်းဈေးဖြင့် ပွဲစားမလို။ ဖုန်း–၅၁၅၀၅၃

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တွဲဖက်မြို့နယ်တရားရုံး(၁)၌
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၂၂နှင့်ဆက်သွယ်သည့်
၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ် ၁

ဒေါ်အေးသိန်း နှင့် ဒေါ်မြဝင်းရီ
(ဒီကရီအနိုင်ရသူ) **(တရားရှုံး)**

အမှတ် ၉၁၊ သမိုင်းလင့်လမ်း၊ ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ)တရားရှုံး ဒေါ်မြဝင်းရီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရန်ကုန် မရမ်းကုန်းတွဲဖက်မြို့နယ်တရားရုံး ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၂၂ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးသိန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၂၇ရက် (၁၃၆၅ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်သိန်းဟန်
တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ မရမ်းကုန်းမြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မော်(ငြိမ်း)
အသက်(၇၅)နှစ်

သူငယ်ချင်းအောင်မိုး–စံစံအောင်တို့၏ မိခင်ဖြစ်သူမာမီဒေါ်ခင်မော်သည် ၁၆–၂–၂၀၀၄ရက် နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် သူငယ်ချင်းတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။
စိုးညွန့်နိုင်၊ အောင်ကျော်၊ မော်စီ၊ထိန်လင်းချစ်၊ ထိန်လင်း၊ စိုးမိုးဝင်းကြည်၊ ဗိုလ်ကြီးအောင်သူ၊ ဗိုလ်မှူးမြင့်ဆွေ၊ ဇော်ထွန်း၊ မြတ်ဆု၊ မခိုင်၊ မိစု၊ မြင့်မြင့်သန်း၊ ခင်ဥမ္မာမြိုင်၊ လှိုင်လှိုင်ညွန့်စု၊

ခွေးရောင်းရန်

ကျန်းမာသန်စွမ်းသည့် မျိုးသန့် Doberman ၄၅ ရက်သား ခွေးပေါက်များ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်
Amazon တိရစ္ဆာန်ဆေးကုခန်းနှင့်အလှမွေးငါးဆိုင်
အမှတ် ၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၂၇၂၀၄
ဆေးခန်းဖွင့်ချိန် – ညနေ ၅ နာရီမှ ည ၈ နာရီ
ငါးဆိုင်ဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီ

(၁)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ကိုအောင်ဝဏ္ဏ A.G.T.I (Mech: Power), B.Sc (Physics), M.O.T. 2nd Class Part(A)
နှင့်
မဖြူသွယ်စိုး B.P.Sc (Physiotherapy)
ရွှေသဇင်ရတနာရွှေဆိုင်
တို့၏ ၂၂–၂–၂၀၀၄ ရက်တွင် ကျရောက်သော
(၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည်
နောင်နှစ်ပေါင်းများစွာတိုင် ချမ်းမြေ့ချစ်ကြင်မြတ်နိုးစွာဖြင့်
အောင်မြင်မှုသရဖူများကို ရယူပိုင်ဆိုင်နိုင်ကြပါစေ။

ချစ်သော မမ၊ ညီလေး၊ မီးမီး။

လေလံကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်တွင် အသုံးမလိုသော အောက်ပါရေယာဉ်များကို ရန်ကုန်မြို့တွင် လေလံတင်ရောင်းချပါသည်။

စဉ်	ရေယာဉ်အမည်	ရေယာဉ် အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင်	မြင်း	ထားရှိနေရာ
၁။	မြတ်သူ	ငါးဖမ်းလှေ	၅၆.၂x၁၄.၈x၅.၅	ဟီးနို EK ၁၀၀	၂၄၀	ဘုရင့်နောင်ဘိုင်
၂။	ရွှေငွေထွန်း	မှောင်ခိုလှေ	၆၈x၁၆x၅	ဟီးနို	၁၂၀	ဘုရင့်နောင်ဘိုင်
၃။	–	နွားမှောင်ခိုလှေ	၆၆x၁၄x၈	တရုတ်နီ	၂၅	ဘုရင့်နောင်ဘိုင်
၄။	–	ငါးဖမ်းလှေ	၇၀x၁၆x၆	ဟီးနို	၂၄၀	သစ်တောဘိုင်
၅။	–	သစ်မှောင်ခိုလှေ	၆၄x၁၈x၆	ဟီးနို EK ၁၀၀	၂၄၀	အင်းစိန်ပေါက်တောဝ
၆။	–	မှောင်ခိုလှေ	၉၀.၇x၂၀x၉	ဟီးနို(၂)လုံး	၂၄၀	မှော်စက်
၇။	ငွေပင်လယ်(၀၃၈)	ငါးဖမ်းလှေ	၇၁x၂၈x၉	ကမ်းမင်း	၅၅၀	ကျောင်ဝိုင်း
၈။	မင်းရဲကျော်စွာ	အင်ဒိုနီးရှား ငါးမျှားတန်းလှေ	၄၃x၇.၅x၂	မစ်ဆူဘီရှိ	၈၅	ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန် (လှိုင်သာယာ)

၂။ အထက်ပါစက်လှေများကို အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။
(က) **ရက်စွဲ။** ၁–၃–၂၀၀၄ရက် (တနင်္လာနေ့)
(ခ) **အချိန်။** ၀၉:၀၀ နာရီ
(ဂ) **နေရာ။** ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ရုံး၊ ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ရန်ကုန်မြို့။

၃။ **လေလံစည်းကမ်း။** ။ လေလံဆွဲဝယ်သူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ယူလာရမည်)
(ခ) လေလံတင်ရောင်းချသည့်နေ့တွင် ငွေအပြေပေးချေနိုင်ရမည်။
(ဂ) လှေတစ်စီးလျှင် စပေါ်ငွေ ကျပ်(၅)သိန်းတင်နိုင်ရမည်။

ကုန်အမှတ်တံဆိပ်၊ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂ လမ်း၊ အမှတ် ၁၁၇၊ (ပထမထပ်) တွင် ဖွင့်လှစ်ထားသည့် ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၄၁၃/၉၈–၉၉ အရ ဖွဲ့စည်းတည်ထောင်ထားသည့် Asia Pacific Distribution Co.,Ltd. (A.P.D) ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ–

Asia Pacific Distribution Co.,Ltd. (A.P.D) သည် အောက်ပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပြီး၊ ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး ၂၀၀၀ ပြည့်နှစ်၊ စာချုပ်အမှတ် (၁၆၅၁) (၂၈၆၂) (၂၈၆၃) တို့အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

jc

ယင်းကုန်အမှတ်တံဆိပ်သည် အလှကုန်ပစ္စည်းအမျိုးမျိုးတွင်လည်းကောင်း၊ ယင်းအလှကုန် ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေးဆိုင်ရာ ကြော်ငြာများတွင်လည်းကောင်း အသုံးပြုလျက်ရှိပါသည်။ ယင်းကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှား၊ ထင်မိယောင်မှားဖြစ်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းကိုဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကိုဖြစ်စေ မည်သူမျှပြုလုပ်ခွင့်မရှိကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ ယခုအခါ ယင်းကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ဈေးကွက်တွင် အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း၊ ကြော်ငြာခြင်းများပြုလုပ်နေကြပါသဖြင့် နောက်နောင်တွင် ဆက်လက်ပြုလုပ်နေကြပါလျှင် ပြုလုပ်ကြသူများတွင်သာ ဥပဒေအရတာဝန်ရှိစေလိမ့်မည် ဖြစ်ပါသည်။ Asia Pacific Distribution Co.,Ltd. (A.P.D) နှင့်ပတ်သက်၍ မမှန်မကန် ပြုမူပြောဆိုချက်များ ပြုလုပ်လာကြပါမူ တည်ဆဲဥပဒေအရ အရေးယူခြင်းပြုရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

သန်းဝင်းရွှေ
B.Econ(P&D).,R.L.,D.M.A., D.M.L.
တရားရုံးချုပ်ရှေ့နေ
ဒေါ်သီတာရွှေ LL.B(Ygn)
အထက်တန်းရှေ့နေ
U BA SHWE LAW FIRM
အမှတ်–၁၆၉/၁၇၁ ဗိုလ်မြတ်ထွန်းလမ်း
ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။



ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား(၂)လက်မ အဝိစိအတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကိုမည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ စ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက်ရေ ကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ
ဒေါ်ရင်မြင့်၊ အမှတ်(၄၂၆/က) အနော်မာ (၁၀)လမ်း(၁)ရပ်ကွက်၊ သာကေတမြို့နယ်
တူးဖော်မည့်နေရာ၊ မြေကွက်အမှတ် ၄၂၆/က
မြေတိုင်းရပ်ကွက်အမှတ် ၁ သာကေတ

(သန်းသန်းစိုး)
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊(ရုံးချုပ်)

မွေးနေ့ဆုတောင်း
ဗိုလ်လောင်း တေဇလွင်
(စစ်တက္ကသိုလ်–ပထမနှစ်)

သားငယ်လေးရဲ့ ၂၂–၂–၂၀၀၄ မှာ ကျရောက်တဲ့ (၁၇) နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာ ထူးချွန်ထက်မြက်သော သားကောင်း ရတနာလေး ဖြစ်စေရန် ဆုမွန်ကောင်းတောင်းလျက်။

ဖေဖေ – **ဒုတိယဗိုလ်မှူးကြီးသန်းလွင်**
မေမေ – **ဒေါ်ခင်မိမိနိုင်**
ကိုကြီး – **ကိုဇာနည်လွင် EGTI, Final Bot:(Zလွင်)**
ကိုလတ် – **ကိုသီဟလွင် 2nd Year (Zoology)**

မွေးနေ့ဆုမွန်လွှာ

၂၂–၂–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကျရောက်သော ချစ်သား ဗိုလ်လောင်း အောင်သီဟဇော် ဒုတိယနှစ် တပ်မတော်နည်းပညာတက္ကသိုလ် အပတ်စဉ်(၁၀)၏ (၁၇)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် အသက်ထက်ဆုံးတိုင် ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက် လိမ္မာသော သားကောင်းဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားနှင့်
ဖေဖေ – ဦးဇော်ဝင်း
မေမေ – ဒေါ်စန်းစန်းအေး
မမ – မေသူဖြိုး
ညီမလေး – နိုင်ဖူးဝေ
ရေကြည်မြို့၊ ရောဝတီတိုင်း

ဝမ်းမြောက်ဂုဏ်ယူခြင်း

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၄)အရ စီမံထူးချွန် (တတိယဆင့်) ရရှိခဲ့သော ထောက်ရှာပင် ရေနံမြေမှ လ/ထ အမှုဆောင်အင်ဂျင်နီယာဦးမြင့်ဝေ ချီးမြှင့်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

၁။ ကလောဂျီတီအိုင် ၁၉၈၂ကျောင်းဆင်းများ
၂။ နေရှင်နယ် ဂဝဘီရေနံတူးစက်အဖွဲ့သားများ

HappyBrithday Capt;Zaw Shin
(Operation Manager)

(22-2-2004) ရက်နေ့ကျရောက်တဲ့ မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

All F/As, cso & Ops;Staffs
(Air Mandalay Limited.)

နွေးထွေးအိမ်မင်္ဂလာ

Sun Flower Gallery ၏ Sun Flower ... ၃–၁၀ ... သင်တန်း ...
... – Sun Flower Gallery ... OFF ...
RES ... Y.M.C.A ...

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်(၅၁)လမ်း၊ အမှတ်–၁၀၈/၁၁၀၊ မြေညီထပ်နေ ဒေါ်ကြူကြူ နိုင်ငံသားအမှတ် ၁၀/ရမန(နိုင်) ဝ၈၈၉၂၂ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ သားဖြစ်သူ ဦးလုထွန်း နိုင်ငံသားအမှတ် ၁၀/ရမန (နိုင်) ဝ၈၆၉ဝ၅ သည် မိဘ၏ ပြောဆိုဆုံးမခြင်းကို မနာခံဘဲ စိတ်နာအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးကို အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်ပြီး လူမှုရေး၊ စီးပွားရေးနှင့် အခြားမည်သည့်ကိစ္စများကိုမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ညွှန်ကြားချက်အရ – **ဦးခင်မောင်အေး B.Sc H.G.P အထက်တန်းရှေ့နေ**
အမှတ်(၁၇၇) ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၂၄၇၉၃ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက မ/ရ ဟိုက်ပတ် (၁)လမ်း တောင်သုကုန်း ရပ်ကွက်၊ အင်းစိန်သို့ အကြောင်းကြားပေးပါရန်။

နော်ခင်နှင်းစီ

အပွင့်လှလှ

ပွင့်တံရှည်၊ ပွင့်နှုန်းကောင်း သဇင်ပန်း၃၊သဇင်တိုင်များ ရရှိနိုင်ပါသည်။
၅၃၅၊ သုမင်္ဂလာလမ်း၊(၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဖုန်း–၅၇၂၄၉၇

(၃)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း
တေးရေးတေးဆို အဆိုတော်ဦးမင်းအောင်

(၄–၁၀–၅၆)–(၂၂–၂–၂၀၀၁) တွေ့ကြုံဆုံကွဲ မမြဲတဲ့ဒီဘဝတာ ခဏလေးမှာ သုံးနှစ်ဆိုတာ မနေ့တစ်နေ့ကလို ကုန်လွန်သွားပေမယ့် တမြည့်မြည့် သတိရအောက်မေ့နေဆဲပါ ဒီသံသရာကလွတ်ရန် နိဗ္ဗာန်ရည်စူးပြီး ဒေးစွန်ပါ ဘုရားမှာ ယခင်ယခုပြုပြုသမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် အလုံးစုံကို ရရှိပါစေ ကောင်းရာသုဂတိရောက်ပါစေ။

ဇနီး:ဒေါ်ခင်ငြိမ်းစိုး
သားသမီး မစုသက်မင်းအောင်၊ မငြိမ်းအိမင်းအောင်၊ မောင်မိုးလျှံမင်းအောင်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်တင်မောင်ဝင်း ၁၂/ဗဟန(နိုင်) ဝ၁ဝ၅၄၃ သည် မိမိ သဘောဆန္ဒ အတိုင်းနေအိမ်မှထွက်ခွာသွား၍ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သမျှကိစ္စအားလုံး လုံးဝတာဝန်မယူပါ။

ဒေါ်ရင်ကြည်
၁၂/မရက(နိုင်)ဝ၆၈၆၁၉

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/၆၆ဝ၇(ဟီးနိုး/တီအီး)၊ ဒ/၉၉၃၃ (ဒိုင်နာ) တက/၁၁ဝ၆ (ဟွန်ဒါဒရင်း)၊ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညနရုံး၊(တောင်ကြီး)

